ဖငတဒ္ဓဒ

ၚှတတတးဂုၜိဂဂ

မန္တလေ မြို့

စာရေးဆရာ-ဇနန္ဒာသက်

၏

(ကျွင့်-မှတ်စာ)

# အိမ်တွင်းသာသနာ

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၉၅၅



ဓမ္မကထိက-ဦးထွန်းအောင်

# အိမ်တွင်းသာသနာ

## နိဒါနကထာ

သေဋ္ဌဇေဋ္ဌ၊ အတုလဟု၊ လူ့ဘုံမြတ်စွာ၊ သာသနာရှိန်၊ သမ္ဗုဒ္ဓထိန်သည့်၊ ဂုဏ်သိရ်ထုတ်ယူ၊ ပခုက္ကူဟိတ်၊ ဒီစတြိတ်တွင်၊ အတိတ်ထိုထို၊ ရှေးအဟိုက၊ ခေါ်ဆိုယောဆော၊ မြို့ဂန္ဓဂေါမှ၊ ပေါက်မြို့စ၍၊ ဓမ္မထိန်ဝင်း၊ အရှိန်လင်းဘို့၊ အိမ်တွင်းသာသနာ၊ ဖြန့်ဖြူးရာတွင်၊ ကျင့်ရာ,ကျင့်ကြောင်း၊ ကိုယ်ကျင့်ကောင်းမှ၊ မိကောင်း,ဖကောင်း၊ သမီးကောင်းနှင့်၊ သားကောင်းတဖြာ၊ ချမ်းသာရာ၏။

လူ့ရွာလောက၊ မနုဿဟု၊ မုချဖြစ်လာ၊ မျိုးမြန်မာတို့၊ မာတာမိခင်၊ ကျေးဇူးရှင်နှင့်၊ ဖခင်ကပွား၊ သမီးသားဟု၊ ကြီးမားမေတ္တာ၊ နေကြရာတွင်၊ မာတာပီတာ၊ မိနှင့်ဖတို့၊ ဗာလမိုက်တွေ၊ မဖြစ်လေမှ၊ သားတွေသမီး၊ ချမ်းသာကြီးလိမ့်၊ သမီးနှင့်သား၊ ကျင့်ဖေါက်ပြားက၊ မိကား,ဖကား၊ ဒုက္ခများလျက်၊ စီးပွားခန္တာ၊ ပျက်ပြားရှာ၏၊ မာတာပီတာ၊ သမီးလှနှင့်၊သားမျှမကျန်၊ဓမ္မခန်ကို၊အမြန်ကိုယ်ကျင့်၊မနှေးဖင့်ဘဲ၊ အေးခွင့်ရရာ၊ အိမ်တွင်းသာဘို့၊ (ဇာနန္ဒာသတ္တံ)

သိကြားပြသည့်၊ ဗုဒ္ဓစကား၊ ကျင့်ဝတ်များကို၊ မမှားပျိုအို၊ သိစေလို၍၊ ရွှေပေါ်,စိန်ဝင်း၊အရှိန်လင်းဘို့၊ (**အိမ်တွင်းသာသနာ**) ထွက်ပေါ်လာပြီ၊ သချာလူတို့။ သိကြောင်းတည်း။

သိကြောင်းကျင့်ရာ၊ မင်္ဂလာကား၊ ပီတာကကောင်း၊ မိမကောင်းနှင့်၊ မိကောင်းဖမိုက်၊ သူတို့မိုက်က၊ သားမိုက်သမီး၊ မိုက်လုံးကြီးလိမ့်၊ သမီးနှင့်သား၊ မိုက်လုံးထွားက၊ မိကား,ဖကား၊ဒုက္ခများလျက်၊စီးပွားခန္ဓာ၊ပျက်ပြားတာကို၊ (**ဉာဏ္ဍာသက္က**) တွေ့မြင်ရ၍၊ လောကလူ့ရွာ၊ နေကြရာတွင်၊ ဂေဟာအိမ်တွင်း၊ မှားတာကင်းလျက်၊ ချက်ခြင်းခဏ၊ မင်္ဂလာကိုရဘို့၊ ဓမ္မအခြေ၊ ဖြန့်ဖြူးလေသည်၊ မသွေလူတို့ ကျင့်စေသောဝ်။

**နိဒါနကထာ-ပြီး၏။**

---

## ရတနတ္တယ-ပဏာမ

[ရတနတ္တယံ အဟံ ဝန္ဒာမိ။]

ရတနတ္တယံ၊ ဘုရား,တရားသံဃာအားဖြင့် သုံးပါးဖြာဖြာ ရတနာတို့၏ သုံးခုတို့၏ အပေါင်းကို။ အဟံ၊ ရုပ်နာမ်ဓမ္မ သဘာဝကို အတ္တသမုတ် အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ကာယဝစီ မနောချို၍ သုံးလီဂါရဝ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏အရှင်ဘုရား။

"ဣမိနာ ပုညကမ္မေန သဗ္ဗေ ပူရေန္တု၊ သက်ပွါ"။

ဣမိနာ ပုညကမ္မေန၊ ဤသို့ရတနာ့ ရတနာ ရတနာ သုံးပါး ဦးထိပ်ထား၍ ဝပ်တွားကော်ရော် ပူဇော်ပါရ မြတ်

ပုညကြောင့်။ ဓမ္မိနာ ပုညကမ္မေန၊ ဤသို့ လောကုတ်လောကီ နှစ်လီသုခ ချမ်းသာရဘို့ ဓမ္မရွှေစာ ဒေသနာကို သေချာ ရေးရ မြတ်ပုညကြောင့်။ သဗ္ဗေ၊ တပါးမက များလှဖုံဖုံ များစွာကုန်သော။ သက်ပ္ပါ၊ လူထိုဗို, မ ချမ်းသာကြဘို့ ဓမ္မနှင့် ဥာဏ်အတည်ယူပြတဲ့ အကြံအစည်ဟူသမျှတို့သည်။ သက်ပ္ပါ၊ ရှေးမူမကျလို့ အေးပူလှတဲ့ ဘေးဟူသမျှတို့ကို ရှေးမူဓမ္မနှင့် ဘေးမြူမခအောင် အရေးယူပြခါ ဥာဏ်အလီလီယူဆတဲ့ အကြံအစည်ဟူသမျှတို့သည်။ပူရေန္တု၊ပြည့်စုံကြပါစေကုန်သတည်း။ ပူရေန္တု၊ အန္တရာယ်ဘေး မရှိအေးသဖြင့် မနှေးမြန်စွာ ပြည့်စုံကြပါစေကုန်သတည်း။

သာသနဿ စ လောကဿ၊ ဝုမ္ဓိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဥ္စ၊ ဒေဝေါ ရက္ခန္တု သဗ္ဗဒါ။

သာသနဿစ၊ ပရိယတ်, ပဋိပတ်, ပဋိဝေဓဟုဆိုအပ်သော ဘုရားမြတ်စွာ သာသနာတော် မြတ်ကြီး၏ရင်း။ လောကဿစ၊ ကြီးကြီးငယ်ငယ် သွယ်သွယ်သောင်းပြောင်း လူများအပေါင်း၏ရင်း။ သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ ဘယ်ခါ မပြတ် အထပ်ထပ်။ ဝုမ္ဓိ၊ တနေ့တခြား စည်ပင်ပြန့်ပွားခြင်းသည်။ ဘဝတု၊ဖြစ်ပါစေသတည်း။ ဖြစ်ပါစေသောင်။ သာသနမ္ပိစ၊ ပရိယတ်, ပဋိပတ်, ပဋိဝေဓဟု ဆိုအပ်သော ဘုရားမြတ်စွာ သာသနာတော်မြတ်ကြီးကိုရင်း။ လောကဥ္စ၊ ကြီးကြီးငယ်ငယ်သွယ်သွယ်သောင်းပြောင်း လူများအပေါင်းကိုရင်း။ သဗ္ဗဒါ၊ နေ့ရော,ညဉ့်ပါ ဗိဇနာမလပ် မတိမ်းဘဲ ခပ်သိမ်းသော အခါကာလတို့၌။ ဒေဝေါ၊ စာတုမဟာ, တာဝတိံသာနှင့် ယာမာပိုင်နင်း နတ်သိကြားမင်းတို့သည်။

ရက္ခန္တု၊ စောင့်ရှောက်ကြပါစေကုန်သတည်း။ အနုရက္ခန္တု၊ ရင်သားပမာ ကရုဏာဖြင့် ရှုခါရွေးကောက် ဘေးမရောက်ရအောင် အစဉ်စောင့်ရှောက် ထိန်းသိမ်းကြပါစေကုန် သတည်း။

ရတနတ္တယပဏာမ ပြီးပြီ။

---

# အိမ်တွင်းသာသနာ

ဇယတု သဗ္ဗမင်္ဂလံ–ဟု....အခြေပြုမြတ်စမ္မ အမြင်ဉာဏ် ရှာကာ တွေးတော့ သာသနာရေးဆိုတဲ့ ဘုရားဟောအဆုံး အမတွေကို အများသဘော သုံးကြလေမှ အဆုံးအမတ- ပြည်နိဗ္ဗာန် ရည်စိတ်သန့်မှန်ရာပေါက်ပြီး သံသရာတ လျှောက် ဘေးမဒဲ အေးမြချမ်းသာ ထိန်ဝင်းဖြာတဲ့ [အိမ်တွင်းသာသနာ] ဆိုတာ ပေါ်ထွက်လာပြီ။

ဒါ့ကြောင့်-လောကလူ့ရွာ အိမ်ဂေဟာတွင် မာတာ ဆိုတဲ့ အမိလဲရှိတယ်၊ ပိတာဆိုတဲ့အဖလဲရှိပါတယ်၊ ၎င်းအမိ အဖတို့က မွေးဖွားကြတဲ့ သား,သမီးတွေလဲ ရှိကြပေလိမ့် မယ်၊ အဲဒီ-တအိမ်လုံး ရှိနေကြတဲ့ သားအမိ, သားအဖတ တွေမှာ အမိကလဲ အမိရဲ့ဝတ္တရား မမှားအောင် စောင့် ရှောက်ပြီးသကာလ မကောင်းဟူက မြူမျှမကပ်ရအောင် ကြိုးဆောင်ပြီး နေထိုင်ဘို့ရာ အရေးကြီးပါတယ်။

အဖကလဲ အဖရဲ့ဝတ္တရား မမှားအောင် စောင့်ရှောက် ပြီးသကာလ မကောင်းဟူက မြူမျှမကပ်ရအောင် ကြိုးဆောင် ပြီး နေဘို့ရာ အရေးကြီးပါတယ်။

သား,သမီးများကလဲ သား,သမီးတို့ရဲ့ ဝတ္တရားအတိုင်း နောက်ပိုင်းက သွားချင်ရာသွား, မှားချင်ရာမှား, ကစားချင်ရာကစား, ပျော်ပါးချင်ရာပျော်ပါးပြီးတော့ အကြွားနဲ့, ကစားနဲ့, အမှားနဲ့, အချိန်မကုန်ကြစေဘဲ မြဲမြဲစွဲစွဲ ငွဲနဲ့ အသဲနဲ့ ရဲရဲဝံ့ဝံ့ မတွန့်မချိတ် မြန်မာဆိုတဲ့ စိတ်အား ဦးထိပ်မှာထားပြီး တရားနဲ့ မလွဲအောင် နေမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးတွေ မွေးမြူကြပါလေ။

အဲဒီလို-မိဘ, သားသမီး တအိမ်လုံး ဦးစီးပြီး ကိုယ်ကျင့်တရား တည်းဟူသော သာသနာ့ရဲ့ လုပ်ငန်းတွေကို မဆုတ်တမ်းအနေ ကျင့်ကြံကြိုးကုတ် အားထုတ်ကြတာကိုပင် အိမ်တွင်းအတူနေ သားအမိ, သားအဖတတွေ တအိမ်လုံးရဲ့ ကျင့်ဝတ်တွေ ဖြစ်လို့မို့ [အိမ်တွင်းသာသနာ] လို့ခေါ်ဆိုရပါတယ်။

ဒါ့ကြောင့်- သာသနာ၏ ဝိဂြိုဟ် ဝစနတ္ထမှာ အသိပိုမှတ်ကြစရာ အပိုမသုံးလှဘဲ အတိုချုံးပြရဦးမှာပေါ့။

"သာသတိ အနုသာသတီတိသာသနံ"။

သာသတိ အနုသာသတိ၊လူထိုဗို့,မ ကြောက်လန့်ကြတဲ့ ဒုက္ခအပေါင်း မကောင်းတာပျောက် ကောင်းတာရောက်အောင် မိပ္ပါယ်ဆောင်၍ အမှောင်လင်းမြတ် သွန်သင်ဆုံးမတတ်၏။ ဣတိတသ္မာ၊ ထိုသို့ မကောင်းတာပျောက် ကောင်းတာရောက်အောင် မိပ္ပါယ်ဆောင်၍ အမှောင်လင်းမြတ် သွန်သင်ဆုံးမတတ်သောကြောင့်။ သာသနံ၊လူထိုဗို့,မ ချမ်းသာရဘို့ ဗုဒ္ဓဘုရား ဆုံးမသွားတဲ့ တရားမည်ဟီး သာသနာဆိုတဲ့ သာသနာတော်ကြီးပါပေတည်း။

သာသနာ့-ဝိဂြိုဟ် အမိပ္ပါယ်အလိုကတော့-လူထို မို့,မ ကြောက်လန့်ကြတဲ့ ဒုက္ခအပေါင်း မကောင်းတာပျောက် ကောင်းတာ ရောက်အောင် အဓိပ္ပါယ် ဆောင်ပြီးသကာလ "ကာမ" ဆိုတဲ့ အမှောင်တွေခွင်းပြီး "သာသနာ့" ဆိုတဲ့ အရောင်တွေ လင်းတော့ (မဆော့နဲ့-တော့ရဲ့-မြှော့တွယ် မလေး····) ဆိုတဲ့ ဒုက္ခတွေ အပိုမသီးတော့ဘဲ (အကိုကြီး ရေ-ညီမလေးရေ-အကိုကြီးရေ··)ဆိုတဲ့ဇာတ်လမ်းအသွား တွေကိုရပ်တန်းမှာ ရပ်ထားပြီး မှတ်စရာ အမှား နယူး လော်မာနယ်မြေ မရောက်တော့ဘဲ ဩြဲ····(အထူးအော် ဒါမယ်တွေ)'ပျောက်ရလေတော့သတည်း။

သာသနာ့ အရေးပျောက်ပြီး ကာမ အရေးလောက် သာ အားပေးကြတဲ့ လူတွေကများနေတော့ ကာမဘက်က လော်မာချယ်တဲ့ အော်ဒါမယ်တွေ များနေဒါပေါ့၊တရားအ ခြေကတော့ ကာမဘုံသားတွေကို ကာမနှင့်မြှူ့မြှောက် လျှင် လူလောက်တော့ အပြော့ထား ဘုရားလောင်းများ သော်မှ ပျက်ကြရသကိုး၊အဲဒီ-အပျက်တွေကိုဘာနဲ့ကောင်း အောင် ပြုပြင်မှာလဲ၊ဒီ-ကိုယ်ကျင့်တရားတည်းဟူသော သာ သနာနဲ့ပင်လျှင် ကောင်းအောင် ပြုပြင်မှသာ ကောင်းကြ မှာပေါ့။

သာသနာဆိုတာသုံးမျိုး, သုံးစား, သုံးပါးရှိပါတယ်၊ ဘယ်လိုသုံးမျိုး,သုံးစား,သုံးပါးလဲဆိုတော့····

''ဓဝံ မေ သုတံ,ယံ မင်္ဂလံ''ကစ၍ သုတ္တန်,ဝိနယ,အဘိဓမ္မ အဖြာဖြာတို့ကို သင်ခြင်း,အံခြင်း, နာခံမှတ်သား ကြားနာ ခြင်းကိုပင် ပရိယတ္တိသာသနာရယ်လို့ ခေါ်ဆိုပါတယ်။

ကောင်းရာ,ကောင်းကြောင်း စာရိတ္တဆိုတဲ့ ကိုယ်ကျင့်ကောင်းမဲ့ လောကုတ္တရာ တရားစာတွေကို သင်အံလေ့ကျက်နာခံမှတ်သားကြားနာခြင်းပြုကြပါလျှင် ခုဘဝမှာပင် အသိဉာဏ်ဝင်ပြီးတော့ သမ္မာဒိဋ္ဌိတရား လက်ကိုင်ထားလျက် ကောင်းမြတ်တဲ့အကြံဉာဏ်တွေသာဝင်ရောက်လာတော့ကာ ကောင်းတာတွေပြု၊ ကောင်းမှုတွေပို၊ကောင်းတာကို အကျိုးပေးတာပေါ့၊အဲ့ဒီလို..ပိုမိုများစွာတအိမ်လုံးချမ်းသာရတာ ပရိယတ္တိ သာသနာရဲ့ လုပ်ငန်းကို မဆုတ်တမ်းအားထုတ် အလုပ်လုပ်လို့ မဟုတ်ပါလား။

ဒါ့ကြောင့်—

"ပရိယတ္တိ၊သင်အံကြည့်၊ မှတ်ဘိသာသနာ"။

လို့..လင်္ကာသံပေါက် အကျဉ်းကောက်လိုက်ရပါတယ်၊ ပရိယတ္တိသာသနာဆိုတဲ့ စာပေကျမ်းဂန် တို့ကိုမှ နာခံမှတ်သား ကြားနာခြင်းမပြုကြပါလျှင် ခုဘဝမှာပင် လမ်းမှန်တဲ့ ကိုယ်ကျင့်တရားတည်းဟူသော ပဋိပတ်အကျင့်မြတ်တွေ ဘယ်ကနေ လာမလဲ၊ ပရိယတ္တိသာသနာ တည်းဟူသော စာပေကျမ်းဂန်တို့ရဲ့ အဓိပ္ပါယ်အတိုင်း ကိုင်းရှိုင်းပြီးသကာလ ရှောင်ရမှာတွေကို ရှောင်,ဆောင်ရမှာတွေကို ဆောင်, ပြုကျင့်ရမှာတွေကို ပြုကြပါလျှင် ခုဘဝမှာပင် ချမ်းသာခြင်း အမျိုးမျိုး အိမ်တွင်းမှာတိုးပါလိမ့်မယ်၊ အဲဒီလို ချမ်းသာခြင်းအမျိုးမျိုး အိမ်တွင်းမှာ တိုးရတာ ကိုယ်ကျင့်တရား တည်းဟူသော "ပဋိပတ္တိသာသနာ"ကြောင့် မဟုတ်ပါလား။

ဒါ့ကြောင့်—
"ပဋိပတ္တိ၊ကျင့်ကြံသိ၊မှတ်ဘိသာသနာ"။
လို့....လက်ာသံပေါက်အကျဉ်းကောက်လိုက်ရပါတယ်။

ပဋိပတ္တိသာသနာ တည်းဟူသော ကိုယ်ကျင့်လုပ်ငန်းတွေကို မဆုတ်တမ်းအနေ ကျင့်မယ် ကြံမယ်ဆိုတဲ့ စိတ်ဇွဲနဲ့ ကျင့်လို့ကြံလို့ရတဲ့ ကောင်းကျိုးချမ်းသာ မင်္ဂလာတွေကို"ပဋိဝေဓသာသနာ"ရယ်လို့ခေါ်ဆိုရပါတယ်။

ဒါ့ကြောင့်—
"ပဋိဝေဓ၊ကျိုးဖလ၊တိုးရ သာသနာ"။
လို့..လက်ာသံပေါက် အကျဉ်းကောက်လိုက်ရပါတယ်။

ကောင်းကျိုးချမ်းသာမင်္ဂလာဆိုတာ"မင်္ဂလာရှိပါစေ" ဆိုတဲ့ စာတွေကို အိမ်မှာကပ်ထားရုံမျှနဲ့ မင်္ဂလာရှိတာ, မင်္ဂလာရတာ မဟုတ်ပါဘူး၊ကောင်းကျိုးချမ်းသာ မင်္ဂလာရှိချင်ကြ, မြင်ချင်ကြ, ရချင်ကြတဲ့ ပုဂ္ဂိုလ်တို့မှာ ကောင်းကျိုးချမ်းသာမင်္ဂလာရှိမယ့်,မင်္ဂလာရမယ့်"ပရိယတ္တိသာသနာ" တည်းဟူသော လမ်းမှန်တဲ့ ကျမ်းဂန်တို့ကို သင်အံလေ့ကျက် နာခံမှတ်သားကြားနာပြီးသကာလ ကျင့်မှ,ကြံမှ, အားထုတ် အလုပ်လုပ်မှ ရမယ်။ [မင်္ဂလာရှိပါစေ။]

ခုကာလ ရှု့မဝ,ပဒေသာ,နေတာကသွေးသောက်,ဘေးပေါက်က ချစ်ကြိုးလိမ်တို့, ချစ်ပန်းနွယ်တို့, အချစ်ဦးတို့, အချစ်ရှူးတို့, တအိမ်လုံး ပြုတ်ပြုတ်ပြွန်းအောင် အမြစ်တူးမဲ့ အချစ်ဦးတွေ, အချစ်ဖူးတွေ, အချစ်ရှူးတွေ ကိုသာကြည့်လေ့, ရှု့လေ့,ဘတ်လေ့ရှိတာတွေရပါတယ်၊အချို့မိန်း

ခလေး, လူကလေးများမှာ ဈေးရောင်းရင်း ဝတ္တုစာအုပ်များမှာ တော်အုပ်ပြီးကျိန်းစက်တော်မူရှာကြတယ်။[သနားဘွယ်။]

ဝတ္တုစာအုပ်ထဲမှာ ပါလာတဲ့ အချစ်ဖူးတွေ,အချစ်ရူးတွေ,အချစ်ဦးတွေ,သမ္ဗဇဥ်နဲ့ ဥဏ်ယှဉ်ပြီး ကျိန်းစက်တော်မူတဲ့အခါ အိပ်မက်ပေါ်လာတာက လော်မာသယ် စံနစ်နဲ့ [အော်ဒါမယ်]ဖြစ်ကြဘို့ရာချည်း မက်တော်မူတာပေါ့၊ ဒီ-အိပ်မက်နဲ့ဘဲ အတော်အလုပ်ရှုပ်ပြီး ပြုတ်ကုန်တဲ့လူတွေ မြန်မာပြေ နဲတယ်လို့မထင်ကြနဲ့။ ။

မောင်ဖါး,မိဘများက သမီးကလေးတွေ,နှစ်မကလေးတွေ, အပျက်ကြီးပျက် အပွက်ကြီးပွက်တော့မှ ငါ့အရှက်ခွဲသလေး,သူ့အရှက် ခွဲသလေး,ငါ့ဂုဏ်ထိတယ်, ငါ့ရာထူးထိတယ်,အမျိုးကို လူဆိုမှာရှက်တယ်, အနွယ်ကို လူဆိုမှာရှက်တယ်နဲ့ အရှက်အသွယ်သွယ် အရှက်စပယ်ရှယ်တွေ ဘယ်ကနေ ပေါ်လာမှန်း မသိတော့ဘူး၊ ပေါ်များလိုက်ထာ။

ဒါ့ကြောင့်—

မိဘနှစ်ပါး၊ သမီးသားတို့၊ စီးပွားခန္ဓာ၊ ပျက်တတ်ထာကို၊ မကြာခဏ၊ ပြုပြင်ကြလော။ ခုကဤတင်၊ သမ္ဗဇဥ်နှင့်၊ ဥဏ်ယှဉ်ပြလာ၊ သာသနာ၏၊ ဗမာစကား၊ မိပ္ပါယ်သွားကို၊ အများလူတို့၊ သိစေသောဝ်။

"သား,သမီးမကောင်း၊ မိဘခေါင်း"ဆိုတဲ့ ရှေးစကားကလေးများကို လူအများပင် သိကြပါတယ်၊ ဖြေစရာ မလို

တော့ဘူး၊ ခုကာလ မိဘများကလဲ သားများ,သမီးများကို လိမ်မာအောင် ဆုံးမပဲ့ပြင် သွန်သင်ဘို့များ မဆိုထားနဲ့ သား,သမီးတွေကို အဖေက ပြောပြတယ်။

ငါ့သားရယ်.... ဒီ-မြို့မှာ အဖေလို ငွေရှာဖြစ်တဲ့လူ, ငွေရတဲ့လူ ဘယ်သူမှမရှိဘူး၊ ဒီဘက်ကမိုက်လို့ကုန်တာပေါ့"

ဘယ်ဘက်ကကုန်တာတုန်းအဖေရဲ့..ပြောစမ်းပါခင်ဗျာ။

အသောက်ဘက်က သန်လွန်းလို့ပေါ့ကွဲ သားကြီးရဲ့။

ဩော်....ဒါဖြင့်-အဖေ အလုပ် လုပ်ထာက အသောက် ဘက်က အလုပ်ဆိုတော့ အသောက်ဘက်ကဝန်ကြီးချုပ်ခန့် လိုက်မယ်။

မခန့်ပါနဲ့ သားကြီးရယ်....အဖေ လန့်လွန်းလို့ပါ။

မလန့်ပါနဲ့ ဖေဖေရယ်....မဲဆန္ဒနဲ့ ရွေးတာပေါ့။

မဲဆန္ဒတွေ အားကိုးမနေပါနဲ့ သားကြီးရယ်....အ သောက်ဘက်က ဝန်ကြီးချုပ်ဟောင်းတွေရှိနေတော့ အသစ် ဝန်ကြီးချုပ်တွေ မလုပ်ပါရစေနဲ့တော့ကွယ် သားကြီး ရယ်....ငါ့သားကြီးပြောပြတာအဖေရှက်သကွာ၊ဒီနေ့-ဒီအ ခါကစ၍"ပါဏာပေတံ" အသက်ထက်ဆုံး သေအရက်တွေ မသုံးတော့ဘူးကွယ် သားကြီးရယ်....

သာဓု ဗျာ-သာဓု။

ဟဲ့-သားကြီး.... ဘယ့်နှယ်လဲ သာဓုကလဲ နှစ်ခွန်းထဲ ကိုး၊ ဘာ့ကြောင့် သုံးခွန်းမခေါ်ရသလဲ....

နောက်တွေ့ရင် အဖေက သောက်အုံးမလား မသိလို့ တခွန်းကို ချန်ထားခဲ့ပါတယ်။

မချန်နဲ့-မချန်နဲ့ သုံးခွန်းစေ့အောင်သာ သာဓုခေါ်ပါ။

သုံးခွန်းစေ့အောင် သာဓုခေါ်တာက မခက်ဘူးနော် တော်တော်နေ အဖေအရက်နဲ့ တွေ့နေရင် ခက်မယ်။

မတွေ့ဘူး-မတွေ့ဘူး၊ ဒီနေ့ကစ၍ ဂုဏ်ထူး, ဘွဲ့ထူးနဲ့ ရာထူးကြီးတဲ့ လူကြီးတွေရဲ့အိမ်ကို အဖေ ဘယ်တော့မှ မသွားတော့ဘူး။

အေး....ဒါဖြင့်-အဖေပြောတာယုံပြီ၊ စိတ်ချရပြီ၊ သာဓု သာဓု သာဓု ပါခင်ဗျာ။

ဒါ့ကြောင့် ''သုရာဓုတ္တော, ဣတ္ထိဓုတ္တော, အက္ခဓုတ္တော ပရာဘဝတော''

လို့....ပရာဘဝသုတ္တန်က ထုတ်ပြန်ခဲ့ပါတယ်။

(၁) သုရာဓုတ္တော၊ သေအရက်မီး, ထန်းရေမီးနှင့် ဘိန်းမီးတွေလောင် တိုက်ပါပြောင်၍ ဒီထောင်, ဟိုထောင် ထိပ်ကြိုးနှောင်လျက် သေတောင်ဖွတ်မွဲ ပါယ်ငရဲသို့ မလွဲမသွေ ပျက်ပြားရပါပေသတည်း။

(၂) ဣတ္ထိဓုတ္တော၊ လက်ထပ်မိန်းမ အားမရဘဲ မိန်းမ အများ အပေါစားနှင့် လေးလား, ပေါ့လား ဈေးမထားဘဲ ခွေးများလောက်ပင် ဉာဏ်မယှဉ်၍ ကံမြင်တိုင်းမှောက် ကျွန်သဘောက်သို့ အိမ်ပျောက်, အိုးပျောက် ငရဲရောက် အောင် အမွဲလောက် အပြော့ထားပြီး ပျက်ပြားရပါ ပေသတည်း။

(၃) အက္ခဓုတ္တော၊ ကြွေအန်ဗိလစ် ပဆစ်ပေါ်ကာ ဖဲမှာအများ မြင်းထိသွား၍ ကစားမျိုးစုံ အဖုံဖုံကြောင့်

ဆန်ကုန်ဆီပျောက် တောက်လျှောက်ငရဲ ဒုက္ခတ်ဆွဲပြီး မွဲကြီးမွဲကာ၊ ပျက်ပြားရပါပေသတည်း။

မနုဿတ္တဒုလ္လဘ-ကြုံရ,ဆုံရ လူ့ဘဝကြီးရလာတဲ့အခါမှာ ကုန်သည် ပွဲစား သူဌေးများနှင့်မင်းစိုးရာဇာ တောင်သူလယ်သမား ကုလီများပါမကျန် လင်တကွဲ သားတကွဲ မယားတကွဲနှင့် ကွဲဒဏ်,မွဲဒဏ်, ဆဲဒဏ်, ရိုက်ဒဏ်,ကြိုးဒဏ်, ကြိမ်ဒဏ်, ထောင်ဒဏ်, ငွေဒဏ် အခြေမကျန်အောင် အသေနှံခဲ့တာ ဘယ်သူလဲ "သုရာစုတ္တော, ဇူတ္တိစုတ္တော, အက္ခစုတ္တော"လို့ဆိုတဲ့ ပျက်ပြားခြင်းတရား ဒီ့သုံးပါးပေါ့။

ဩော်··သိတ်မှန်တာဘဲ၊ တနေ့က ကျမတို့လင်မယားကွဲတာ သူ့ကြောင့်ဘဲ၊ ကျမယောကျ်ား ရာထူးပြုတ်တာလဲ သူ့ကြောင့်ပါဘဲ၊ကျမယောကျ်ား ရာထူးလျှော့သွားတာလဲ သူ့ကြောင့်ပါဘဲရှင်····

ဒါ-ဘာဟုတ်သေးတာမှတ်လို့၊ ကျမတို့မှာ လင်ရောမယားပါဆေးရုံတက်ရတာ··ဒါတွေကြောင့်ပေါ့၊ကျမတို့မှာကော ဘာထူးသေးသလဲ,ခဏခဏဆေးထိုးရတာ,လခထုတ်ပေး ယူရတာ,သူများအိမ်သွားပြီး မတရားလုပ်ရတာ,ကြံ့ရတာ,မတရားလိမ်ရတာ,ညာရတာ,ဖါရတာတွေသူ့ကြောင့်ပေပေါ့ရှင့်။

ကျမက ပြောလက်စနဲ့ ဆက်ပြောရအုံးမယ်၊ ပြန်ချင်ပလား လက်ဆွဲထားမယ် မပြန်နဲ့အုံး ႏ၊ ကျမတို့ဖြစ်ပုံ၊ သူကလဲ သောက်လိုက်,စားလိုက်, ကစားလိုက်, အပျော်အပါးလိုက်လိုက်····

ဩော်····ရှင့်ယောကျ်ားကလဲ ဒီအရွယ်ကျမှ အပျော်အပါး လိုက်သေးသကိုး။

အလို-ရှင်က မသိလို့ သူ့ကြည့်တော့ လက်ထဲပုတီးနဲ့ အဖြီးက ပရမတ်စကားပြော၊ ပျိုသော့,အိုသောပိုး၊သူ့ထက် ရိုး သူခိုးရှိတော့၊ နေအုံး နေအုံး····မဆုံးသေးဘူး၊သူက ထင်သလိုနေတော့၊ကျမကလဲ ထင်သလိုနေတာပေါ့။

သူနေတာ ရှိပါစေတော့၊ ရှင့်ကဘာဖြစ်လို့ ထင်သလို နေရတာတုန်း။

မထူးတော့ဘူးလေ····နေတော့တာပေါ့၊ရှင်တို့ဟာ ဗလ ချာ တာတူး အရူးကြီး ဖြစ်ကုန်ကြပြီ။

ဒါနဲ့··လေကျမတို့လင်မယားတတွေတေလေဖြစ်ပြီးတော့ ကွဲကြ, ပြိုကြရော၊ အင်း-ကွဲကြ,ပြိုကြတော့ ဘယ်လိုဖြစ်ဖြစ် ဖြုန်းမရ သုံးမရတဲ့အိုးကွဲ, အင်ကွဲနှင့်ထမိန်ဖင်ပြဲ,ပုဆိုးဖင်ပြဲ ပန်းကန်ကွဲ,ဇွန်းကျိုးအမျိုးမျိုးတွေယူပြီး''နင်··လူမဟုတ်ဘူး ဟဲ့''လို့ဆိုပြီးငိုခါ,ရီခါတစာစာနဲ့ကလေးတွေလက်ကဆွဲပြီး ဂတ်တဲသွား လင်မယားဖြတ်တော့ ပြတ်ကြပါရော၊ သူလဲ နောက်အိမ်ထောင်ပြု၊ ကျမဟလဲ နောက်အိမ်ထောင်ပြု၊ သူ့မှာလဲများမကြာမီနောက်အိမ်ထောင်နဲ့ကွဲကြ,ပြိုကြပြန် ရော၊ ကျမမှာလဲ ကွဲကြပြိုကြပြန်ရော၊ နောက်အိမ်ထောင် ပြောင်းဆိုတာမကောင်းပါဘဲကလား၊ဩော်··''ရှင်တို့အိမ် ထောင်မှု ယခုမှသိသလား'' ဆိုရင်ခံရတော့မယ်ရှင်··ခုမှဘဲ အလွဲတွေ သိရပေတယ်။

ဒါ့ကြောင့်-ရှေးရှေးစကားလူကြီးများက''အိမ်ထောင်မှု, ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ဤသုံးမျိုးခွင့်မပိုင်၊ နောင် ပြင်နိုင်ခက်တဲ့အမျိုး''လို့-ဆုံးမစကားတွေ ထားခဲ့ပေသကိုး။

အလို·· အဘိုးတန်လိုက်တာရှင်···အဘိုးတန်လိုက်တာ၊ ဒီ-စာနဲ့ ဒီဆရာ တွေ့ချင်လိုက်တာ။

ဒီစာနဲ့ ဒီဆရာ အထူးမရှာနဲ့တော့ မအေ့ဂါ (အိမ်တွင်း သာသနာ) လက်ကိုင်ထားမြမှားဘူးနော်။

ကျော်တော့ ကျော်တယ်ရှင်''အိမ်တွင်းသာသနာဘတ်၊ အိမ်တွင်းသာသနာဘတ်''နဲ့ အရပ်က ပြောလိုက်ကြတာ မှာ တခါမှ မကြည့်ဘူးဘူးရှင်။

ရှင်တို့အိမ်မှာ မကြည့်လို့မသိ၊ မသိလို့ ကွဲကြ,ပြဲကြ မွဲကြတာပေါ့၊မကွဲအောင် မပြဲအောင် မလွဲအောင် အမြဲ ဆောင်ဘို့ရာ သာသနာ တည်းဟူသော ပဒေသာပင်ကြီး အသီးတွေ စုံလင်စွာနှင့် ပေါ်ထွက်လာပါပြီ။

ဂဏ္ဍန္တိ နာနာဘဏ္ဍာနိ၊ အာဒဒန္တိ ကပ္ပရုက္ခေ။
သုခံ ပစ္စက္ခာတိတံ စ၊ သန္တာ ဟရန္တိ သာသနေ။ ။

ဘောန္တော၊ အိမ်တွင်းသာသနာ မိပ္ပါယ်လာကို မြန်စွာ ကျင့်လို ချမ်းသာလိုသည့် ပျိုအိုထင်ရှား အို⋯⋯လူများတို့။ တုမ္ဟေ၊ မိဘနှစ်ပါး သမီးသားတို့ စီးပွားချမ်းသာ အိမ် ဂေ ဟာတွင် သာယာဝပြော ကုသိုလ်ဇောနှင့် ချောမော ဝင်စား သင်လူများတို့သည်။ ကပ္ပရုက္ခေ၊ ကမ္ဘာပေါ်ဦး ပကတူးက အထူးပေါက်လာ တန်ဆာစုံပြီး ကမ္ဘာ့ပဒေသာ ပင်ကြီး၌။ နာနာဘဏ္ဍာနိ၊ ဝတ်စားတန်ဆာ ဝစ္စာဖွံ့ဖြိုး အထူးထူး သော ဥစ္စာမျိုးတို့ကို။ အာဒဒန္တိ၊ အလိုရှိတိုင်း မဆိုင်းမသွေ ယူနိုင်ကြပါပေကုန်၏။ တထာ၊ ထိုကမ္ဘာ့ပဒေသာ ပင်ကြီး ပမာမှီး၍ အပြီးတူစွာ ဥပမာ။ သာသနေ၊ ဟောကြားအပ် ရာ ရသာခိုင်ဖြိုး ကမ္ဘာ့ပဒေသာပင် တည်းဟူသော ဘုရား သာသနာတော် မြတ်ကြီး၌။ သန္တာ၊ နိဗ္ဗာန်ရောက်ကြောင်း တရားပေါင်းကို စုဆောင်းရှာဖြား သူတော်ကောင်းအများ

တို့သည်။ ပစ္စက္ခံ၊ မျက်မှောက်ခေါ်ရ ခုဘဝ၌ ဖြစ်သော။ သုခ္ခ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာဝါဝင်း ချမ်းသာခြင်းဆိုတဲ့ ချမ်းသာခြင်းကိုလည်း။ ဂဏှန္တိ၊ သာသနာရောင်လင်း အမှောင်ခွင်း၍ ဆောင်ကြဉ်းခါ မူပိုင်ရလို့မို့ ယူနိုင်ကြပါပေကုန်၏။ အတီတံ၊ မျက်ကွယ်ခေါ်ရ နောင်တမလွန်ဘဝ၌ ဖြစ်သော၊ သုခ္ခ၊ ဘဝစည်းစိမ် တထိန်ထိန်ဖြင့် ဂုဏ်သိရ်မယွင်း ချမ်းသာခြင်းဆိုတဲ့ ချမ်းသာခြင်းကိုလည်း။ ဟရန္တိ၊ နိဗ္ဗာန်တိုင်ရောက် စခန်းပေါက်အောင် ဝမ်းမြောက်စရာ မူနောင်အပိုင်ရလို့မို့ယူဆောင်နိုင်ကြပါပေကုန်သတည်း။

သာဓု,သာဓု,သာဓု။

ဤဒေသနာအရ-အဓိပ္ပါယ်သာဓကမှာ····

ကမ္ဘာဦးအစ ပဌမက အဝတ်တန်ဆာတွေ စုံလင်စွာနှင့် ဂုဏ်တင်ကာ အထူးပေါက်လာတဲ့ ကမ္ဘာ့ပဒေသာပင်ကြီးမှာ ပိုး,ဖဲ,ကတ္တီပါ,နီ,ပြာ,ဝါဝင်း အဆင်းမျိုးစုံ အဖုံဖုံဥစ္စာ စားစရာအမျိုးမျိုး လိုချင်တာလက်ညှိုးထိုးပြီး လိုချင်တာ ယူနိုင်,ရနိုင်,သုံးနိုင်ကြပါပေတယ်၊ထို-ကမ္ဘာ့ပဒေသာပင်ကြီး ပမာမှီး၍ အပြီးတူစွာ ဥပမာ၊ သာသနာတည်းဟူသော ပဒေသာပင်ကြီးမှာလဲ "ဧဝံ မေသုတံ, ယံ မင်္ဂလံ" ကစ၍ သုတ္တန် အသီးတွေ,ဝိနည်း အသီးတွေ,အဘိဓမ္မာ အသီးတွေ၊သုတ္တန် ဝိနည်း အဘိဓမ္မာ အသီးပေါင်း များစွာတို့တွင် တဂါထာအသီးကိုဖြစ်စေ, နှစ်ဂါထာအသီးကိုဖြစ်စေ, တမျက်နှာဖြစ်စေ, နှစ်မျက်နှာဖြစ်စေ, တကျမ်းဖြစ်စေ, နှစ်ကျမ်းဖြစ်စေ,အကုန်လုံးဖြစ်စေ, တချို့တဝက်ဖြစ်စေ,အကြီးအငယ် ရွေးချယ်လို့ဖြစ်စေ, ကိုယ်တတ်နိုင်သလောက် စား

သောက် သုံးစွဲခြင်းအမှု ပြုကြပါလျှင် ခုဘဝမှာပင် ချမ်းသာခြင်း အမျိုးမျိုး အိမ်တွင်းမှာတိုးပြီး တန်ခိုး အားလျော်စွာ ရနိုင်ကြပါတယ်၊ နောင်တမလွန် ဘဝမှာလဲ ချမ်းသာခြင်း အမျိုးမျိုး တိုးချင်တိုင်းတိုးပြီး တန်ခိုးအားလျော်စွာ ရနိုင်ကြတာပေါ့၊ သုတ္တန်,ဝိနည်း,အဘိဓမ္မာ ပရိယတ် အဖြာဖြာ အသီး ကြီး,ငယ်တွေကို စားသောက်သုံးစွဲဘို့ရာ ပြခဲ့ပါပြီ၊ ပဋိပတ်အသီး အဖြာဖြာတို့ကို စားသောက် သုံးစွဲ ကြဘို့ရာ ပြရဦးမှာပေါ့။

သရဏဂုံ သုံးပါးကစ၍ ငါးပါး, ရှစ်ပါး, ကိုးပါး, ဆယ်ပါး, လက္ခဏာရေးသုံးပါး, နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သော ရဟန်းတော်တို့၏ ကျင့်ဝတ်ပဋိပတ်များ။

ဒါနံ သီလံ ပရိစာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။
အကောဓံ အဝိဟိံသဉ္စ၊ ခန္တိ စ အဝိရောဓနံ။

မြန်မာလိုပြန်ရလျှင်—
၁။ အလှူပေးခြင်း။
၂။ သီလဆောက်တည်ခြင်း။
၃။ ရဲဝံ့စွာစွန့်ကြဲခြင်း။
၄။ ဖြောင့်မတ်ရိုးသားခြင်း။
၅။ နူးညံ့သိမ်မွေ့ခြင်း။
၆။ မြိုးမြိစွာကျင့်ခြင်း။
၇။ အမျက်မထွက်ခြင်း။
၈။ မညှဉ်းဆဲခြင်း။
၉။ သည်းခံခြင်း။
၁၀။ မချုတ်ချယ်ခြင်း။

ဆိုတဲ့ မင်းကျင့်တရားဆယ်ပါးတည်းဟူသော ပဋိပတ် အကျင့်မြတ်အသီးတွေ မိဘဝတ္တရား, သားသမီးဝတ္တရား, လင့်ဝတ္တရား, မယားဝတ္တရား, ဆရာ့ဝတ္တရား, တပည့် ဝတ္တရားစသည် အလီလီများစွာ အဖြာဖြာသော ကိုယ် ကျင့်ပဋိပတ် အကျင့်မြတ် ကြီးကြီးငယ်ငယ် အသီးပေါင်း အသွယ်သွယ်တို့တွင် ဘယ်အသီးကို သုံးချင်,စားချင် ကြပါ သလဲ[စားချင်တာ စားကြပေတော့။]

ငါးပါးသီလဆိုတဲ့ အသီးကို စားမလား၊ ရှစ်ပါးသီလ အသီးကို စားမလား၊နဝင်္ဂဆိုတဲ့ ကိုးပါးသီလ အသီးကို စား မလား၊ လက္ခဏာရေး သုံးပါးဆိုတဲ့ အသီးကိုစားမလား၊ ရဟန်းတော်တို့ စားကြတဲ့ ၂၂၇- သွယ်သော ပဋိပတ် အကျင့်မြတ်ဆိုတဲ့ အသီးတွေများ စားမလား၊ မင်းကျင့် တရားဆယ်ပါး တည်းဟူသော ပဋိပတ်အကျင့်မြတ်အသီး တွေစားမလား၊ဆယ်ပါး မစားနိုင်လျှင် နှစ်ပါးခွဲ, သုံးပါးခွဲ လောက်များ စားမလား၊ စားနိုင်သလောက် စားပေါ့၊ လုံးဝမစားဘဲတော့ မနေနဲ့၊သေလိမ့်မယ်။

မိဘကျင့်ဝတ်, သားသမီး ကျင့်ဝတ်, ဆရာ့ကျင့်ဝတ်, တပည့်ကျင့်ဝတ်, လင့်ကျင့်ဝတ် မယားကျင့်ဝတ်, စသော ပဋိပတ် အကျင့်မြတ်ဆိုတဲ့ တရားအသီးတွေကို အလိုရှိတာ လက်ညှိုးထိုးပြီး အမျိုးမျိုး စားချင်တာစား,သုံးချင်တာသုံး, မမုန်းအောင် ပြုကြပါလျှင် ခုဘဝမှာပင် ချမ်းသာခြင်း အမျိုးမျိုး နောင်ဘဝမှာတိုးပြီး တန်ခိုးအားလျော်စွာ ရနိုင် ကြပါတယ်။

ဒါကြောင့်-"မနုဿတ္တဒုလ္လဘ"ကြုံရတဲ့အခါ(အိမ်တွင်း သာသနာ)အသိအမှတ်ထားပြီး ပဋိပတ်တရားဆိုတဲ့ ဝတ္တရား

တွေမမှားအောင်နေကြမှသာအိမ်တွင်းမှာ သာယာဝပြော မင်္ဂလာသဘောတွေဒလေဟော၀င်ကြ့ထွက်ကြပေလိမ့်မယ်၊ မိဘနှစ်ပါး,သမီးသားတွေအတူနေပြီး တေလေဂျပိုးထိုးချင် တိုင်းထိုးပြီး ဆိုးချင်တိုင်း ဆိုးကြလျှင် နေ့မြင်ညပျောက် အထက်တန်းမရောက်ဘဲ "သဘောက်အောက် ကျွန်စော်နံ၊ တာတေလံ အချောင်မွဲပြီး ထောင်ထဲကို သွားရလိမ့်မယ်၊ (ထောင်အဆန်းမှတ်လို့) ပြောတဲ့လူကလဲ နဲတယ်မထင် နဲ့ဗျို····ပြောတာလဲ အပြစ်မတင်နဲ့။

ဟိုယခင်က ထောင်ကြတယ်ဆိုပေမယ့်၊ဒီ-ယခင်ကြတော့ ဘာ့ကြောင့် လွတ်လာတယ်မသိဘူး၊ ဘာ့ကြောင့်-ဟုတ်လိမ့် မယ်၊ အဌါကြောင့် လွတ်လာတာပေါ့၊ အဲဒီ-အဌါတွေ မပျောက်ရင် ဟို-အဌါတွေ ရောက်လိမ့်မယ်၊ သြော်··အ တော်ထူးတဲ့ ခေတ်ကြီးဘဲ၊ဒီလို··ထူးတဲ့ခေတ်ကြီးမို့လို့ ယခု အထူးတွေ, အဆန်းတွေ ဒလကြမ်း မွေနေကြတာပေါ့၊ ဒီခေတ်ဆိုးကြီးကို ကိုယ်စီကိုယ်ငှပြုပြင်ကြပါ၊မြန်မာလူမျိုးက မပြင်နိုင်ရင် အခြားလူမျိုးက ပြုပြင်သွားလိမ့်မယ်၊[အနုမြူနဲ့ ဟိုက်ဒရိုဂျင်]စော်မနံရအောင် ကိုယ်စီကိုယ်ငှ ကြံဆောင် ကြပါ၊ ကောင်းအောင်ပြုပြင်ဘို့ရာ မကြံဘဲ မွေရအောင် ကြံတဲ့လူတွေကသာ ပေါများနေတော့ကာ သာသာယာ ယာ မရှိတော့ဘူးပေါ့၊ မွေတဲ့လူတွေကတော့ တိုက်နဲ့, တာနဲ့၊ အိမ်နဲ့,ယာနဲ့ ဓာတ်မီးတွေ တထိန်ထိန်နဲ့ လောကမှာ(ဇိမ်)ပေါ့။

အမွေခံရတဲ့ လူတွေမှာတော့ စိတ်တွေမအေး၊ တောင်, မြောက်ပြေး၍ တောင်တွေး,မြောက်တွေး လက်နက် ဘေး

ဖြင့် မီးဘေးတဖြာ လူထုမှာတော့ ထုသာထုပါ၊ ထုကြဗျာ ဟု ထုတာအံကြိတ် အားကုန်မှိတ်၍ ထိတ်ထိတ်ပြာပြာ ခံကြရာတွင်ဥစ္စာလည်းပြုန်းသား,လင်ဆိုးလျက် ယူကျုံးမရခံနေရတာ များလှပါပေါ့၊ ခုခါသနား မေတ္တာထား၍ အများ ...ရှာ ကောင်းဘို့လာပြီ "ဗုဒ္ဓါသက္က" သိစေသောဝ်။

[မြန်မာလူမျိုးရဲ့ ရာဇဝင်စာတွင်လောက်ပါတယ်။]

ဒါ့ကြောင့်-"ဗူးတောင်းနစ်လို့ စောင်ခြမ်းပေါ်" ဆိုတဲ့ ရှေးစကားကလေးများပြောကြတာကိုး၊အလို…ဗူးတောင်းဆိုတာ ပေါ်တဲ့အမျိုးဘဲ၊စောင်ခြမ်းဆိုတာနစ်တဲ့ အမျိုးဘဲ၊ တနေ့ကျ သဘာဝအမှန်အတိုင်း ပေါ်တဲ့အမျိုးဟာ ပေါ်မှာဘဲ၊နစ်တဲ့အမျိုးဟာနစ်မှာဘဲ၊ပေါ်တာ,နစ်တာတွေ အပထား၊တရားဆက်ပြမယ်။

[ဘယ်သူမပြု၊မိမိမှု၊ ယခုတရားရှာ။]

အိမ်တွင်းသာသနာ ဆိုတော့….အိမ်တွင်းတူနေ လင်မယားတွေရဲ့ အခြေကို ပြရဦးမှာပေါ့၊အသက်မရှိတဲ့ အသေကောင်မိန်းမတွေရဲ့ မသာလောင်းကို အတူတူပေါင်းနေတဲ့ ယောက်ျားက တမျိုး၊ အသက် မရှိတဲ့ အသေကောင် ယောက်ျားတွေရဲ့ မသာလောင်းကို ကြည်ကြည်ဖြူဖြူအတူတူပေါင်းနေတဲ့ မိန်းမကတမျိုး၊ အဲဒီနှစ်မျိုးရဲ့အလို စတုက္က အင်္ဂုတ္တိုရ် ပုညာဘိသန္ဒဝဂ်မှာ—

ဆဝေါ ဆဝါယ သဒ္ဓိံ သံဝသတိ၊
ဆဝေါ ဒေဝိယာ သဒ္ဓိံ သံဝသတိ။
ဒေဝေါ ဆဝါယ သဒ္ဓိံ သံဝသတိ၊
ဒေဝေါ ဒေဝိယာ သဒ္ဓိံ သံဝသတိ။ ။

ဘောဒ္ဓော၊အိမ်တွင်းသာသနာ ဓိပ္ပါယ်လာကို မြန်စွာ ကျင့်လို ချမ်းသာလိုသည့် ပျို့,အိုထင်ရှား အို…လူအများတို့။ ဆဝေါ၊ ဒါန,သီလ စသည်ပေါင်းစု ကောင်းမှု ထွေထွေ အပြုသေ၍ လူ့ပြေဂုဏ်ကင်း သေစာရင်းသို့ အသွင်း ခံငြား သူသေနှင့်တူသော ယောက်ျားသည်။ ဆဝါယ၊ ဒါန,သီလ စသည်ပေါင်းစု ကောင်းမှုထွေထွေ အပြုသေ၍ လူ့ပြေဂုဏ်ကင်း သေစာရင်းသို့ အသွင်းခံရ သူသေနှင့် တူ သော မိန်းမနှင့်။ သဒ္ဒိ၊သေတာ,ရှင်တာမသိရှာဘဲ တကျော မြှူပြ အတူတကွ တကွအတူတူ။သံဝသတိ၊ အတူတကွ ချစ် ခင်ကြ၍ ကျနမသွေ ပေါင်းဘက်နေ၏။ ဆဝေါ၊ ဒါန,သီလ စသည်ပေါင်းစု ကောင်းမှုထွေထွေ အပြုသေ၍ လူ့ပြည် ဂုဏ်ကင်း သေစာရင်းသို့ အသွင်းခံငြား သူသေနှင့်တူသော ယောက်ျားသည်။ ဒေဝိယာ၊ ဒါန,သီလ စသည်ပေါင်းစု ကောင်းမှုထွေထွေ အပြုမသေ၍ လူ့ပြေဂုဏ်ကြီး နတ်သမီး နှင့်တူသော မိန်းမနှင့်။သဒ္ဒိ၊တကွ။ သဒ္ဒိ၊သေတာ,ရှင်တာ မသိရှာဘဲ တကျောမြှူပြ တူတကွ တကွတူတူ။သံဝသတိ၊အတူ တကွ ချစ်ခင်ကြ၍ ကျနမသွေ ပေါင်းဘက်လေ၏။ ဒေဝေါ၊ ဒါန,သီလစသည်ပေါင်းစု ကောင်းမှုထွေထွေ အပြုမသေ၍ လူ့ပြေဂုဏ်များ နတ်သားနှင့်တူသော ယောက်ျားသည်။ ဆဝါယ၊ဒါန,သီလ စသည်ပေါင်းစုကောင်းမှုထွေထွေအပြု သေ၍ လူ့ပြေဂုဏ်ကင်း သေစာရင်းသို့ အသွင်းခံရသူသေ နှင့် တူသောမိန်းမနှင့်။သဒ္ဒိ၊တကွ။ သဒ္ဒိ၊ သေတာ,ရှင်တာ မသိရှာဘဲ တကျောမြှူပြ အတူတကွ တကွအတူတူ။သံဝသတိ၊ အတူတကွ ချစ်ခင်ကြ၍ ကျနမသွေ ပေါင်းဘက်နေ၏။ဒေ- ဝေါ၊ ဒါန,သီလ စသည်ပေါင်းစု ကောင်းမှုထွေထွေ အပြု

မသေ၍ လူ့ပြေဂုဏ်များ နတ်သားနှင့် တူသော ယောက်ျား သည်၊ဒေဝိယာ။ ဒါန,သီလ စသည်ပေါင်းစု ကောင်းမှုထွေ ထွေ အပြုမသေ၍ လူ့ပြေဂုဏ်ကြီး နတ်သမီးနှင့် တူသော မိန်းမနှင့်။သဒ္ဓိံ၊ တက္ခ။သံဝသတိ၊ အေးတူ,ပူမျှ ချစ်ခင်ကြ၍ တကွမသွေ ပေါင်းဖေါ်လေသတည်း။

သာဓု,သာဓု,သာဓု။

အဓိပ္ပါယ် သာဓက အကျဉ်းပြရမှာက—

အချို့ မိန်းမ,ယောက်ျား လင်နှင့်မယားတို့မှာ ဒါန,သီ လ စသည်ပေါင်းစု ကောင်းမှုထွေထွေ အပြုသေသဖြင့် သူသေထီးနှင့်သူသေမ ပေါင်းဘက်ပြီးနေကြတယ်··လို့ခေါ် ဆိုရပေတယ်၊ အချို့-ယောက်ျားက ဒါန, သီလ စသည် ပေါင်းစု ကောင်းမှုထွေထွေ အပြုသေပြီး မိန်းမက ဒါန, သီလ စသည်ပေါင်းစု ကောင်းမှုထွေထွေ အပြုမသေသဖြင့် သူသေထီးနှင့်နတ်သမီး ပေါင်းဘက်ပြီးနေကြတယ်···လို့ခေါ် ဆိုရပေတယ်၊ အချို့-ယောက်ျားက ဒါန, သီလ စသည် ပေါင်းစု ကောင်းမှုထွေထွေ အပြု မသေဘဲ မိန်းမက အ ပြုသေသဖြင့် နတ်သားနှင့် သူသေမ ပေါင်းဘက်ပြီး နေ ကြတယ်··လို့ခေါ်ဆိုရပေတယ်၊ အချို့ယောက်ျားရော မိန်း မ ပါ ဒါန,သီလ,စသည်ပေါင်းစု ကောင်းမှုထွေထွေ အပြု မသေသဖြင့် လင်နတ်သားနှင့်မယားနတ်သမီး ပေါင်းဘက် ပြီးနေကြတယ်····လို့ ခေါ်ဆိုရပါတယ်။

ဒါ့ကြောင့်-လောကဓမ္မတာ အိမ်ရာတည်ထောင် လူ တို့ဘောင်၌ မရှောင်လို့ အိမ်ထောင်ပြုကြတဲ့အခါ ဒါန, သီလ, ဘာဝနာ မသေအောင် ပြုကြမှသာ သူသေထီးနှင့် သူသေမ မဖြစ်ကြဘဲ နတ်သားနှင့် နတ်သမီး ဖြစ်ကြရမယ်။

မိတ်ဆွေ··(သတိ) ကိုယ့်ရဲ့မယား အသေကောင်လား၊ အရှင်ကောင်လား၊ ခွဲခြားပြီး ပေါင်းပါလေ။

မိတ်ဆွေ···(သတိ) ကိုယ့်ရဲ့ယောက်ျား အသေကောင် လား၊ အရှင်ကောင်လား၊ ခွဲခြားပြီး ပေါင်းပါလေ။ ။

(၁) ကုသိုလ်ပြုခြား၊ ထိုယောက်ျား၊ နတ်သားတူလှ ပေ။

(၂) ကုသိုလ်ပြုကြ၊ ထိုမိန်းမ၊ တူလှနတ်နှင့်ပေ။ ။

(၃) ကုသိုလ်ကောင်းမှု၊မောင်မပြု၊ ယခုသူအသေ။ ။

(၄) ကုသိုလ်တွယ်မှု၊ မယ်မပြု၊ ယခုသူအသေ။ ။

(၅) မိန်းမ,ယောက်ျား၊ကုသိုလ်ပွား၊နတ်များတူလှပေ။

(၆) မိန်းမ,ယောက်ျား၊ကုသိုလ်များ၊မပွား သူအသေ။

ကုသိုလ်ကောင်းမှု၊ ပေါင်းပြုကာနေ။
လင်နှင့်မယား၊ နတ်များတူပေ။
ကုသိုလ်ကျော်သွား၊ ပျော်ပါးကာနေ။
လင်,မယား၊ ထင်ရှား သူအသေ။ ။

ယောက်ျားရယ်,မိန်းမရယ်,လူရယ်လို့မနေသဃ္ဃတ္တဒုလ္လဘ- ကြုံရတဲ့အခါမှာ ဘာသာဘာဝ မနေကြပါနဲ့၊ လူရယ်လို့ ပင် အခေါ်ခံရခြားသော်လဲ····

လူသားစင်စစ် လူအစစ်မှသာ လူဖြစ်ကျိုး နပ်မှာမို့ (ဝိမာနဝတ္ထုအဋ္ဌကထာ) ၌လာသော လူလေးမျိုးကိုပါ ပြရပါလိမ့်မယ်။

လောက၌ လူပင်ဖြစ်ရငြားသော်လည်း သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့သားအိမ်ရာ ပြစ်မှားခြင်း၊ သေအရက်သောက်ခြင်း အစရှိသော မကောင်းမှုအဖြာဖြာ ပြုကျင့်ကြပါလျှင် မင်းစိုးရာဇာ မင်းအာဏာ တို့ကြောင့် ကြိုးဒဏ်, ထောင်ဒဏ်, ကြိမ်ဒဏ်, ငွေဒဏ် စသည်အလီလီ များစွာ ခံကြရပါလိမ့်မယ်၊ ထိုခံရသော ပုဂ္ဂိုလ်ဟာ ခုဘဝမှာလူရယ်လို့ ဖြစ်ရငြားသော်လဲ ငရဲသားကဲ့သို့ ဆင်းရဲများစွာ ခံရတာကြောင့် (မနုဿနေရယိက-လူငရဲသားတမျိုး) ဟူ၍ ခေါ်ဝေါ်ရပါတယ်။

အကြင်ပုဂ္ဂိုလ်သည် လူပင်ဖြစ်ရငြားသော်လည်း နောက်နောက်သော ဘဝါဘဝက ဒါန, သီလ, ဘာဝနာ တည်းဟူသော ကုသိုလ်ကံ နည်းပါလာသဖြင့် ဤဘဝမှာ လူမွဲဖြစ်ကာ တကိုယ်ရေ တကာယကိုမျှ ဝတ်စရာ,စားစရာ ရှာမရရှာဘဲ ''ဝတ်ရပါလဲ အစုတ်အနုတ်, စားရပါလဲ တလုပ်တဆုပ်, နေရပါလဲတငုတ်တုတ်တုတ်''ဆိုတဲ့ ရှေးစကားလို အပိုအမိုမရှိ၊ ထိုထိုမြို့ရွာလှည့်ပြီး ဆင်းရဲမှုငြိုငြင်စွာရှာကြံရရှာတယ်၊ ထိုသို့ဆင်းရဲငြိုငြင်စွာ ရှာကြံရသော ပုဂ္ဂိုလ်မှာ လူပင်ဖြစ်ရငြားသော်လည်း ပြိတ္တာများကဲ့သို့ ငတ်မွတ်ခြင်း ဒုက္ခ မဝတ်ရ,မစားရ ဆင်းရဲစွာခံနေရပါတယ်။

ဒါကြောင့်....(မနုဿပေတ-လူပြိတ္တာတမျိုး)ဟူ၍ ခေါ်ဝေါ်ရပါတယ်။

အကြင်ပုဂ္ဂိုလ်သည် လူပင်ဖြစ်ရငြားသော်လည်း ကိုယ်ပိုင်မဟုတ်၊ သူတပါး၏အလုပ် ကိုယ်ပိုင်မပြုတ် သူတပါးနှင့်စပ်တဲ့ အလုပ်နဲ့သာ အသက်မွေးရရှာတော့ သူတပါး၏ဝန်တာကို နွံနာအောင် ထမ်းဆောင်နေရာ ပျက်ကွက်တာ

ကြောင့် တနေ့သောအခါ မြည်မှာ, တွန်မှာ၊ ဝေါက်မှာ,ငန်း မှာ၊ဆဲမှာ,ဆိုမှာကြောက်တယ်ဆိုပြီးတောကြို,တောင်ကြား၊ ချုံကြို, ချုံကြား ပြေးသွားပြီး ကလေးများလို ဘာကိုမှ မတွေးတောဘဲ ဆင်းရဲငြိုငြင်စွာနှင့်ပင် တောထဲ,တောင်ထဲ မှာ ပုန်းအောင်းကာ တောတိရစ္ဆာန် များလို တောထဲမှာ နေရတာကြောင့် [မနုဿတိရစ္ဆာန- လူတိရစ္ဆာန်တမျိုး] ဟူ၍ ခေါ်ဝေါ်ရပါတယ်။

အကြင်ပုဂ္ဂိုလ်မှာတော့ လူရယ်လို့ ဖြစ်လာသည် အား လျော်စွာ မိမိအကျိုးဟုတ်သည်, မဟုတ်သည်နှင့် အကျိုးရှိ မည်,မရှိမည်တို့ကို သမ္မာဉာဏ်နှင့်ဉာဏ်ယှဉ်ပြီး ကံ၏အကျိုးကို ယုံကြည်စိတ်ချကာအကုသိုလ်ကိုပယ်ခြင်း၊ရှက်ခြင်း၊ကြောက် ခြင်း၊ ထိတ်လန့်ခြင်းနှင့် အလုံးစုံသော သတ္တဝါတို့၏အပေါ် မြော်ခေါ်မေတ္တာ, သနားခြင်းဆိုတဲ့ ကရုဏာနှင့် ပြည့်စုံစွာ သံသရာ၏ ဘေးဒုက္ခတွေကို ကြောက်လန့်တဲ့အနေနဲ့ အကု သိုလ်တွေဖျောက်,ကုသိုလ်တွေရောက်အောင် တကယ်တမ်း အလုပ် အားထုတ်ပါသဖြင့် [ကုသလာ ကုသလံ မနတိ ဇာနာတီတိ မနုဿော]မိန့်ဟောသချာ ဒေသနာနှင့်အညီ အလီလီ ကုသိုလ်နှင့် အကုသိုလ်တို့ကိုဆောင်ရမှာ,ရှောင်ရ သိမြင်တဲ့ တကယ်လူစစ်, လူမှန် ဖြစ်လေသောကြောင့် [မနုဿပရမတ္ထ-လူအစစ်တမျိုး]ဟူ၍ ခေါ်ဝေါ်ရပါတယ်။

၌-နေရာ၌ [ပရမတ္ထမနုဿ-ကို မနုဿပရမတ္ထ-လို့ နောက်ကနှင့်ညီအောင်ပြင်ထည့်လိုက်ပါသည်၊အဓိပ္ပါယ်မှာ မပျက်ပါ။]

လူလေးမျိုး လေးစား ခွဲခြားလို့တော့ ပြီးပါပြီ။

မိတ်ဆွေ..(သတိ)ကိုယ့်ကိုယ် ကိုယ်သာ ငါလူ့ရဲသား ကောင်ထီးလား, လူ ငရဲသားကောင်မလား၊ လူပြိတ္တာထီးလား, လူပြိတ္တာမလား၊ လူတိရစ္ဆာန်ထီးလား, လူတိရစ္ဆာန်မလား၊ လူအစစ်ထီးလား, လူအစစ်မ လား၊ ခွဲခြားပြီး ကြည့်ကြပါ၊ ကြည့်လို့သိတဲ့အခါ ငါလူအစစ်ဖြစ်အောင် လူအစစ်တွေ ပြုလုပ်နေတဲ့ကုသိုလ်တွေ,ကောင်းမှုတွေပြုကြပေတော့။

လူအစစ်မလုပ်တာ လူယုတ်မာများငွေရတာ ပဓာနထားပြီး တရားမရှိလာဘ်ကိုကြည့်၍ ငွေဘက်ကို အိပြီးတော့ အရှုံးအနိုင်ပေး၊ဗမာ့သွေးမို့လို့ဒမြတိုက်၊အရိုက်ကအကျိုးနဲ့အသေ၊ တေလေမှလူကြီးဖြစ်၊ ညစ်ရမယ်ဆို ပျို,အိုမရွေး၊ အလေးလိမ်,ချိန်ခွင်လိမ်,ရေစိမ်ရေဖြန်းအရမ်းဝတ်,အရမ်းစား ပျော်ပါးခတ်ရှင် ဇာတ်မြင်မရှောင် သန်းခေါင်သလွဲ၊ကက်ဖဲပေါ်ကာ၊လော်မာမလောက်၊ရပေါက်ငွေရှာ၊ လင်မှာမသိ၊ ငတိန္တွားလို၊ လူလိုမသိ၊ ပဏ္ဍိအနား၊ မသွားထန်းရေ၊ သောက်လေ အရက်၊ ညဘက်သူခိုး၊ တမျိုး အလိမ်၊ ဂုဏ်သိရ်ဟန်လုပ်၊ အရှုပ်ကလိန်ချုံ၊ ပြောပုံအတတ်၊ ပရမတ်-ငါသိ၊ ငါမရှိ-သောတာပန်၊ တာတေလံအဆိုး၊ လူမျိုးပဒေသာ၊ ငွေရှာဒမြ၊ ပုညရေ်စွာ၊ တော်ရာထောင်းထု၊ မကောင်းမှုအကုသိုလ်၊ ပိုမိုအားတက်၊ ပျက်ကွက်လင်မယား၊ သမီးသား-ဗလချာ၊ ပျက်တာမမြင်၊ ပျော်ရွှင်လိုက်စား၊ အမှားမှုတည်။

ကူလီကမိုလ်ဆန် အပျိုမှန်ကဗလာကျင်း၊ တဏှာကမြင်းတော့ အရှက်ကွဲ၊ သာမက်စွဲရအောင်ရှာတော့ နောက်

နှင့်ရခြင်းသည်လည်းကောင်း။ ဝါ၊ မယားနှင့်သား အမှား စရိုက် မလိုက်ရအောင် ဟောပြဆောင်ရခြင်း သည်လည်း ကောင်း။အနာကုလာ၊နှောက်ယှက်ဖြုန်းတီး ပျက်စီးခြင်းမရှိ ကုန်သော။အနာကုလာ၊ ကိုယ်စိတ်နှစ်ဝ ဓနပိုင်ပိုင် မပျက် စီးနိုင်သော။ ဝါ၊ ပစ္စည်းဥစ္စာ ရတနာရွှေငွေ လယ်မြေ ဘဏ္ဍာ ဖြာဖြာအပေါင်း ပျက်စီးကြောင်း မရှိကုန်သော။ ကမ္မန္တာစ၊ လယ်လုပ်,ကုန်သွယ် ရောင်းဝယ် ဖေါက်ကား လခစားနှင့် ပွဲစားဖြာဖြာ ပြုလုပ်ရာတွင် မိစ္ဆာဇီဝ မသီရ ကြောင်း ကောင်းသောအမှုကို ပြုရခြင်းသည် လည်း ကောင်း။ တော်၊ အပြန်,အသွား ပြုပုံများကို မမှားအောင်ပြ ဤသုံးဝသည်။ တော်၊ အသွား,အပြန် အမှန်မမှား ဤသုံး ပါးသည်။ ဥတ္တမံ၊ မြတ်လှစွာသော။ ဥတ္တမံ၊ အကြားအတွေ့ မြင်သရွေ့အဖြာဖြာ မင်္ဂလာဟူသမျှတို့ထက် ကဲသာလွန် မြတ် ချီးမွမ်းအပ်သော။မင်္ဂလံ၊ဘုရားအစရှိသော အရိယာ အပေါင်း သူတော်ကောင်းတို့ သွားလာကျင့်ရန် လမ်း ကောင်း,လမ်းမှန် ကြီးပါပေတည်း။ မင်္ဂလံ၊ဘုရား,ရဟန္တာ ပစ္စေကာနှင့် သာဝကာပေါင်း သူတော်ကောင်းတို့ ပြု ကြောင်းပြုနည်း (သွားတတိုင်,ပြန်တတိုင်) ဆိုတဲ့ မင်္ဂလာ ကြီးပါပေတည်း။ မင်္ဂလံ၊ သံသရာ ခရီးလမ်းမှာဖြင့် မြန်မ ကြာ အပြီးမှန်းခါ မမှားနိုင်အပိုင်သိလို့မို့ ဩော်....အသွား တတိုင်ရှိက အပြန်တတိုင်ရှိရလေတော့သတည်း။

သရု,သာရု,သာဓု။

"အသွားတတိုင်ရှိက အပြန်တတိုင်ရှိသည်"ဆိုတဲ့ တရား တော်ကြီးသည် ရဟန်းရှင်လူ မည်သူမဆို လူထိုထိုတို့ ပိုမို သုခ နေ့ရှိတိုင်းရနိုင်တဲ့ တရားတော်ကြီး ဖြစ်ပါတယ်၊အသွား

တတိုင်,အပြန်တတိုင် သဘောအဓိပ္ပါယ်ပြောရဦးမှာပေါ့၊ အမိ,အဖတို့သည် သား,သမီးတို့၏ အပေါ်၌ငယ်စဉ်တောင် ကျေး ကလေးဘဝ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်က ဝါးဖတ်တော် ခဆီနှစ်ဖြင့် လူဖြစ်အောင်မွေး ဝစ္စာကျွေး လျက် ချီး,သေးကာစ သုတ်သင် ရှင်းလင်းပြီး သကာလ၊ နှစ်,လများစွာ ကျွေးမွေး ပေးကမ်းခဲ့တာကိုမိဘက သား, သမီးတို့၏ အပေါ်မှာသွားတဲ့ ''အသွားတတိုင်''လို့ ခေါ် ဆိုပါတယ်။

သား,သမီးများက မိဘတို့၏ အနန္တကျေးဇူး အထူးသိ မြင်ပြီးသကာလ အချိန်အရွယ် ရောက်တဲ့အခါ မိဘတို့ရဲ့အ ပေါ်ပြန်လှန်ပြီးတော့ ကျေးဇူးဆပ်ခြင်းကို''အပြန်တတိုင်'' ပြန်ဆပ်တယ်လို့ ခေါ်ဆိုပါတယ်။

ယခုအခါ ဗုဒ္ဓဘာသာ မည်သည်သာနှင့် ဆရာလုပ်သူ အချို့လူတို့သော်မှ အနန္တဂုဏ်အင် ကျေးဇူးရှင်မိဘအပေါ် သတိချော်ထိန်းမရဘဲ မိန်းမကိုကြောက်ရလို့ မိဘကျေးဇူး အထူးဆပ်ခြင်းဆိုတဲ့ ''အပြန်တတိုင်'' မပြန်နိုင်တဲ့ လူက တမျိုး၊သားရှိန်, သမီးရှိန် တထိန်ထိန်နဲ့ ဂုဏ်သိရ်ကြီးရန် စနပေါ်အမြင်သန်ပြီးသကာလ အနန္တဂုဏ်အင် ကျေးဇူးရှင် မိဘအပေါ် ထမင်း, ဟင်းသော်မှ မရောက်သူကတမျိုး၊ မိဘကျေးဇူးဆိုတာ ''အနန္တော-အနန္တ'' မြင်းမိုရ်တောင် နှင့်အမျှ ဘုရားနဲ့တဂိုဏ်းထည်းပြတယ်လို့ ဟောကြပြော ကြ၊ဟောပြောပုံတွေကတော့-အပြန်တတိုင်ပြန်ပြီး ကျေးဇူး တွေ ဆပ်လေသယောင်ယောင် ဟန်ဆောင်သဘော လူ့ရှေ့ မှာပြောပြီး သဘောကမပါတနှစ်တခါမျှကန်တော့ပွဲမလာ၊ တခါတလေမှနင်းရ, နှိပ်ရမှန်းမသိ၊ အမိ,အဘဆိုတာကျေး

ဇူးရှင်ပါလို့ ဝါစာကမာ သဘောဉာဏ်နှင့် ပြောသံ,ဆိုသံမျှ မကြား၊ တကျပ်သား,ငါးမူးသားလောက်ကမ လဘက်မ ရောက်၊သမီးလောက် သားလောက် ဇနီးမယားလောက်သာ ရှိသေစွာကျွေးကြ,မွေးကြတာကိုသာ တွေ့မြင်ရပါတယ်။

အဲဒီလို…အဟောအပြောသာကောင်းသော်လဲ အ ကြောင်းကုသလ ပြုစုရမယ့် မိဘကျေးဇူး အထူးအရေးကို မကျွေးမမွေးဘဲ ပစ်ခါထားတော့-ယခုဘဝမှာလဲမွဲ, နောင် သံသရာဘဝမှာလဲမွဲ၊ အမွဲနှင့်ငရဲ နှစ်ခုတွဲပြီး အမြဲသုခမတွေ့ ရဘဲ သေကြ,ကြေကြ ဘေးဒုက္ခတွေ တွေ့ကြရ,ကြုံကြရ,ခံကြ ရတာပေါ့ အပြောဟာအပြောဘဲ၊ သဘောဟာ သဘော ပါဘဲ။

ဒါ့ကြောင့်- ဘောန္တော၊ အပြောအလုပ် သဘော မ ဟုတ်ကြသဖြင့် လောကုတ်နှင့်လောကီ ထိုနှစ်လီ မှန်းရာ မပေါက်နိုင်တော့ဘဲ ချမ်းသာပျောက်၍ နေကြကုန်သော အို…လူများ အပေါင်းတို့ လို့ ဒီလို အနက်မြန်မာပြန်ဆို လိုက်ပါတယ်။

မနုဿတ္တ ဒုလ္လဘ-ကြုံရတဲ့အခါ မွေးမာတာနှင့် ပိတာ ဖခင် ဂုဏ်အင်ကြီးမား ဘုရားနှင့် တဂိုဏ်းထည်းပြု မြင်းမိုရ် တောင်နှင့်အမျှ ကျေးဇူးတွေ အနန္တ အဲတာကိုမှ မသိကြ မမြင်ကြ မဆပ်ကြလျှင် ကြပ်လိုက်တာ၊ ငတ်လိုက်တာ၊ရှား ပါးလိုက်တာ၊ရောဂါတွေကလဲ များပြားလိုက်တာ၊ စိတ်၏ အလို ကိုယ်၏ဆန္ဒ မပြည့်ဝလိုက်တာလို့ မငြီးငြူကြပါနဲ့၊ ချီးအုသော်မှ စားရဘို့ရာ ခဲရင်းကြပါလိမ့်မယ်။

အိမ်တွင်းမှာ မှန်းရာပေါက်ပြီး ချမ်းသာရောက်ချင် ကြ ပါလျှင် အနန္တောအနန္တ-မြင်းမိုရ်တောင်နှင့်အမျှဘုရားနှင့်

တဂိုဏ်းထည်းပြတဲ့ မိဘကျေးဇူးဂုဏ်အထူးကို ကြည်နူးစွာ ကျေးဇူးဆပ်ခြင်းဆိုတဲ့ "အပြန်တတိုင်" ပြန်နိုင်အောင် ပြန်ကြပါလေ....ဓမ္မမိတ်ဆွေတို့။

ရတိဝုတ်ပါဠိတော်လာ ဂုဏ်ထူး ငါးဖြာ မိဘတို့ ရပုံမှာ—

(၁) အာဟုနေယျာတိ ဘိက္ခဝေ မာတာပိတူနံ ဧတံ အဓိဝစနံ။

ဘိက္ခဝေ၊ သံသရာရေး လောကဘေးကို မြော်တွေးမြင်သူ ရှင်လူအများ အို....ချစ်သားတို့၊ အာဟုဏေယျာတိ ဧတံ နာမံ၊ အာဟုနေယျဂုဏ်နှင့် ပြည့်စုံသည့် အလှူခံပုဂ္ဂိုလ်ဟူသော အမည်သည်။[ဘယ်သူနည်း]မာတာပိတူနံ၊ မိခင်,ဖခင်ကျေးဇူးရှင်တို့၏။အဓိဝစနံ၊သူရောကိုယ်ပါ ကြည်နူးဘို့ အမည်ထူးပါပေတည်း။

အမိပွါယ်သာဓကသဘာဝမှာတော့-သားသမီးတို့သည် ကောင်းစွာပြုလုပ် စီမံချက်ပြုတ်ကာ အရိယာသံဃာဆိုတဲ့ သူတော်စွာတို့ကို လှူဘို့ရာအလို့ငှါ အထူးသဖြင့် အဝေးမှ ယူဆောင်လာသော ဘောဇဥ်ဝတ္ထု အစုစုတို့ကို အရိယာသံဃာ မလှူပါဘဲ မာတာပိတ မိနှင့်ဖတို့ ကျနသေချာ လှူဒါန်းပါသော် အမိအဖတို့က အလှူခံခြင်းငှါထိုက်ပါသောကြောင့်, အလှူခံနိုင်သောကြောင့် မိဘတို့သည် အရိယာသံဃာတော်များမှရတဲ့"အာဟုနေယျ" ဂုဏ်ထူးဝိသေသကိုရကြပေတယ်။

ဒါ့ကြောင့်-ငါတို့၏ မိခင်,ဖခင် ကျေးဇူးရှင်တို့သည် ဤမျှလောက်ပင် ထူးလှမြတ်လှတဲ့ "အာဟုနေယျ" ဆိုတဲ့

ဂုဏ်ထူးကြီးများရကြပါကလား····လို့ စိတ်ထဲမှာစွဲလမ်းပြီး အမြဲတမ်းဆိုသလို ''အပြန်တတိုင်''ကိုပြန်ကြဘို့ရာ ကောင်းပါတယ်။

ပဌမဂုဏ်ထူးအရ ပြီးပါပြီ။

ဒုတိယဂုဏ်ထူးအရဒေသနာမှာ–

(၂) ''ပါဟုနေယျာတိ ဘိက္ခဝေ မာတာပိတူနံ ဧတံ အဓိဝစနံ။''

လို့····ဇာတိပုတ်ပါဠိတော်မှာ ဟောကြားခဲ့ပါတယ်။

ဘိက္ခဝေ၊ သံသရာရေး လောကဘေးကိုမြော်တွေးမြင်သူ ရှင်,လူအများ အို····ချစ်သားတို့။ ပါဟုနေယျာတိတော်နာ-မံ၊ ပါဟုနေယျဂုဏ်နှင့် ပြည့်စုံသော အလှူခံပုဂ္ဂိုလ် ဟူသော ဤအမည်သည်။ (ဘယ်သူနည်း) မာတာပိတူနံ၊မိခင်, ဘခင် ကျေးဇူးရှင်တို့၏။အဓိဝစနံ၊ သူရောကိုယ်ပါ ကြည်နူးဘို့ အမည်ထူးပါပေတည်း။

အမိဗ္ဗါယ်သာဓကေသဘာဝမှာတော့-သား, သ္မီးတို့သည် စတုဒိသာ, အဋ္ဌဒိသာဆိုတဲ့ အရပ်လေးမျက်နှာ, အရပ်ရှစ်မျက်နှာတို့က လာရောက်မဲ့ အာဂန္တုကပုဂ္ဂိုလ်တို့ကို ရည်မှန်းပြီး လှူဒါန်းမဲ့ ခဲဘွယ်ဘောဇဉ် ချိုချဉ်အမြိန် အရသာတို့ကို မိမိရည်မှန်း၍ထားသောပုဂ္ဂိုလ်ပင်မဟုတ်လေဘဲ အမေ,အဘေတို့ကို ပေးလှူခဲ့ပါလျှင် အမေ,အဘေတို့က ပင် အလှူခံခြင်းငှာ ထိုက်တန်ပါသောကြောင့် မိဘတို့မှာ အရိယာသံဃာတော်များမှရသော ပါဟုနေယျ-ဆိုတဲ့ဂုဏ်ထူးဝိသေသကို ရကြပေတယ်၊ဒါ့ကြောင့်- သားသ္မီးများက

ငါတို့၏မိခင်,ဘခင်ကျေးဇူးရှင်တို့သည် ဤမျှလောက် ထူးလှ, မြတ်လှစွာသော "ပါဟုနေယျ" ဂုဏ်ထူးကြီးကို ရကြပါ ကလား.. လို့ သမ္ဗေဇဥ်တရားနှင့် ဉာဏ်ယှဉ်သွားခါကြိုးစား ပြီး ကျေးဇူးဆပ်ခြင်းတည်းဟူသော "အပြန်တတိုင်" ပြန် နိုင်အောင် ပြန်ထိုက်ကြပါတယ်။

ဒုတိယဂုဏ်ထူးအရ-ပြီးပါပြီ

---

တတိယဂုဏ်ထူးအရ-ဒေသနာမှာ....

(၃) ပုဗ္ဗဒေဝါတိ ဘိက္ခဝေ မာတာပိတူနံ၊ ဧတံ အဓိ-ဝစနံ။

လို့....ဗုဒ္ဓပါဠိတော်မှာ ဟောကြားခဲ့ပါတယ်။

ဘိက္ခဝေ၊ သံသရာဝဋ်ဘေး မလွတ်သေး၍ လွတ်အောင်လို လား အို....ချစ်သားတို့။ပုဗ္ဗဒေဝါတိ ဧတံနာမံ၊မိဆိုင်,ဘဆိုင် ပိုင်ပိုင်မည်သီးနတ်အရှင်ကြီးဟူသော အမည်သည်။(ဘယ် သူနည်း)မာတာပိတူနံ၊မိခင်,ဘခင်ကျေးဇူးရှင်တို့၏။ အဓိဝ-စနံ၊သူရော,ကိုယ်ပါ ကြည်နူးဘွယ် အမည်ထူးပါပေတည်း။

အဓိပ္ပါယ်သာဓက သဘာဝမှာတော့....

နတ်ဆိုတာ...သမ္မုတိနတ်,ဥပပတ္တိနတ်,ဝိသုဒ္ဓိနတ်ဟူ၍ သုံးမျိုး,သုံးစား,သုံးပါးပင်ရှိကြပါတယ်၊ရေ,မြေကိုအာဏာ ပိုင်နင်းတဲ့ ရာဇာမင်းကိုတော့....သမ္မုတိနတ်ရယ်လို့ခေါ်ဆို ပါတယ်၊ စာတုမဟာ, တာဝတိံသာနှင့် ယာမာ စသည် အလီလီဌာန ဘုံဘဝတို့၌ စံစားပြီး နေကြသောနတ်တို့ကို ဥပပတ္တိနတ်ရယ်-လို့ ခေါ်ဆိုပါတယ်၊ ဘုရား, ရဟန္တာ,

ပစ္စေကာတို့ကိုတော့••ဝိသုဒ္ဓိနတ်လို့-ခေါ်ဆိုပါတယ်၊ အဲဒီ-သုံးမျိုး,သုံးစား, သုံးပါးသောနတ်တို့တွင် အမိ,အဘတို့ဟာ ဘုရား, ရဟန္တာ တည်းဟူသော ဝိသုဒ္ဓိနတ်နဲ့ တူပါတယ်၊ တူပုံသဘော ပြောရမှာကတော့….အသိအလိမ္မာ ပညာနဲ့ နေး လွန်စွာဝေးကြ ဗာလထိုထို ငမိုက်အိုတို့က ဆဲခြင်း၊ ဆို ခြင်း၊ရိုက်ခြင်း၊နှက်ခြင်း၊ရိုက်ပုတ်ညှဉ်းဆဲခြင်းမှစ၍မကောင်း မှုတွေကို နှိပ်စက်ရမ်းကား-ဘယ်လိုပင် ပြုလုပ်ငြားသော် လည်း ဗာလထိုထို ငမိုက်အိုတို့၏ အပေါ်၌ ဒေါသအမျက် ဘိတ်မထွက်ဘဲ နှိပ်စက်သောသူ၏ ကောင်းရာ, ကောင်း ကြောင်း၊ ချမ်းသာရာ,ချမ်းသာကြောင်း ကိုသာ သည်းခံခြင်း သဘောတရားနှင့် ဟောကြားတော်မူရှာတယ်။

ထို့တူမခြား အလားတူစွာ မွေးမာတာနှင့် ပိတာဘခင် ကျေးဇူးရှင်တို့သည်သားမိုက်,သားတေ,သမီးမိုက်သမီးတေ အဆိုးအပေ ကိုတေလေ, မတေလေတို့က အမျိုးမျိုး ဘိစီး နှိပ်စက်ခါ ဖျက်ဆီးလျက် ရိုက်ခြင်းနှက်ခြင်း အစရှိသော မကောင်းမှုတွေ ဘယ်လိုပင် ပြုလုပ်နေသော်လည်း ဘုရား, ရဟန္တာများကဲ့သို့ မိဘတို့က သား, သမီးတို့၏ အပေါ်မှာ အမျက်ဒေါသတရား မထားနိုင်ရှာဘဲ သည်းခံပြီးသကာလ သား,သမီးတို့အား လောကပြစ်ဘေး အစစ်အေးပြီးပစ္စည်း ဥစ္စာ ရတနာရွှေ,ငွေ လယ်,မြေ,ဘဏ္ဍာဖြာဖြာဝတ္ထုအစုစု တို့ကို ပေါသည်ထက်ပေါ, များသည်ထက်များ, ပွားသည် ထက်ပွားများလာအောင်ကြံဆောင်ကာ အဆုံးအမသြဝါဒ ဖြင့် ဟောပြကြရှာတယ်၊ ဒါ့ကြောင့်-ငါတို့၏ မိခင်,ဘခင် ကျေးဇူးရှင်တို့မှာ ဒေဝတာ-ဟူသော ဂုဏ်ထူးအဖြာဖြာ ရရှိ

တာကို သိသောအားဖြင့် ကြိုးစားပြီးတော့ ''အပြန်တတိုင်'' ပြန်ကြပါလေ····ဓမ္မ-မိတ်ဆွေတို့။

တတိယ ဂုဏ်ထူးအရ-ပြီးပါပြီ။

---

စတုတ္ထဂုဏ်ထူးအရ-ဒေသနာမှာ····

၄။ ဗြဟ္မာတိ ဘိက္ခဝေ မာတာပိတူနံ့ တေံအဓိဝစနံ။

လို့····ဇာတိဝုတ်ပါဠိတော်မှာ ဟောကြားခဲ့ပါတယ်၊ ဘိက္ခဝေ၊သံသရာဝဋ်ဘေး မလွတ်သေး၍ လွတ်အေးလိုလား အို····လူများတို့။ ဗြဟ္မာတိတေံနာမံ၊ ဗြဟ္မာ-ဟူသော၍ အမည်သည်။ဗြဟ္မာတိတေံနာမံ၊မေတ္တာ,ကရုဏာ,မုဒိတာ, ဥပေက္ခာ-ဟု အဖြာဖြာအမှုတို့ကို အရာရာ ပြုလေ့ရှိသော ကြောင့် ဗြဟ္မာ-ဟူသော ၍အမည်သည်။(ဘယ်သူများ ဖြစ် ကြပါသနည်း) မာတာပိတူနံ၊ မိခင်,ဘခင် ကျေးဇူးရှင်တို့၏။ အဓိဝစနံ၊ သူရော, ကိုယ်ပါ အဖြာဖြာကြည်နူးဘို့အမည်ထူး ကြီးပါပေတည်း။

အဓိပ္ပါယ်သာဓက သဘာဝမှာတော့····

အမိ,အဘတို့မှာ ဗြဟ္မာ-ဟူသော ဂုဏ်ထူးဝိသေသကို ရကြပေတယ်၊ ရပုံသဘော ပြောရဦးမှာပေါ့၊ ဗြဟ္မာမင်းကြီး တို့မှာ မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာ ကည်းဟူသော ဗြဟ္မဝိဟာရဘာဝနာ လေးဖြာတရား ပွားများခြင်းအမှုတွေ ပြုကြပေတယ်၊ ထိုနည်းတူစွာ မွေးမာတာနှင့် ပိတာ,ဘခင် ကျေးဇူးရှင်တို့သည် သား,သမီးများ မဖွားမီ ပဋိသန္ဓေတည် နေတုန်းအခါမှာ ငါ၏ကိုယ်၌ ပဋိသန္ဓေတည်နေတဲ့ သား, သမီးသည် ရောဂါအန္တရာယ် မတွယ်မငြိ ချမ်းသာစွာရှိပြီး

သကာလ ဖွားမြင်ပါစေလို့ ချစ်ခင်ခြင်း မေတ္တာတရား ပွားများကြပါတယ်၊ ဖွားမြင်ပြီးနောက် လူ့ပြည်ရောက်စ ကလေးဘဝကျတော့ မှက်တို့,ခြင်တို့ ကိုက်ခဲလို့ သော်၎င်း၊ တစုံတခု တိုက်မိ,ခိုက်မိလို့သော်၎င်း၊အပူ,အအေး သပ္ပါယ မမျှသေးဘဲ အေးလွန်း, ပူလွန်းသဖြင့် လူးကာ, လှိမ့်ကာ ငိုယိုခါ ခြေစုံမြှောက်ပြီး သကာလ ခုန်လိုက်,ပေါက်လိုက်တဲ့ အခါကျတော့ မိဘတို့ဟာ သား,သမီးအပေါ်မှာ ကရုဏာ ဆိုတဲ့ သနားခြင်းတွေ ဖြစ်ပေါ်လေသောကြောင့် မိဘတို့မှာ ကရုဏာ-တရား တပါးရတယ်။

ထိုမှတသွယ် ဆယ့်ငါးနှစ်,ဆယ့်ခြောက်နှစ်ဆိုတဲ့ ပျိုရွယ် ကျတော့ အားခွန်ဗလပြည့်ဝပြီးသကာလကြည့်စရာ့တနည်း၊ လုံးရပ်သဏ္ဍာန် မူဟန်ကလေးကိုက ဘယက်တန်ဆာ ဒွါရ ယာဆွဲကြိုးအမျိုးအထည် အလီလီပန်း အဆန်းဆန်း ဘိနပ် အရပ်ရပ်ထီး အသီးသီး ပုဝါ အဖြာဖြာ မျက်နှာချေ အထွေ ထွေ ဆင်ချိန်,မြန်းချိန်,ဆင်မြန်းချိန်ကျ အဝတ်အစား ဆင် မြန်းပြီးသကာလသွားတဲ့,လာတဲ့အခါမှာသား,သမီးအပေါ် မှာ ကြည့်ခါရှုခါ ဝမ်းမြောက်ဝမ်းသာမုဒိတာ-ဆိုတဲ့ တရား ပွားများခြင်းတွေ ဖြစ်လာပေတယ်၊ ထိုမှတတန် အချိန်အ ရွယ် ရောက်ပြန်တော့ “ခံဆူး,ခံခွျံ၊ဇီးဆူး,ဇီးခွျံ” ဆိုတာလို ထိုထိုများစွာ၎ရောင်းရေး,ဝယ်ရေးတို့မှာကိုယ့်ဘာသာကိုယ် ချမ်းသာရာ,ချမ်းသာကြောင်း ကောင်းကောင်းပိုင်ပိုင် ရွက် ဆောင်နိုင်ပြီဆိုတဲ့ သဘောရေးနဲ့ မင်္ဂလာဆောင် ပေးလိုက် ခြင်းဟာ မိဘတို့မှာလျစ်လျူရှုကာ ဥပေက္ခာ-တရားပွားများ လျက် မိဘတို့ဝတ္တရား မချွတ်မမှား အမျိုးမျိုးပြောကြားပြီး သကာလ သဘောထား မတိမ်းပါးရအောင် ထိမ်းမြား

မင်္ဂလာဆောင် ပေးလိုက်ခြင်းဟာ မိဘတို့မှာ ဥပေက္ခာ-ဆို တဲ့ ဗြဟ္မာ့မျှားမှ ရတဲ့တရားတွေ ရကြပေတယ်၊ ဒါ့ကြောင့် ဤမျှလောက် ဂုဏ်ထူးဝိသေသ ရရှိကြတဲ့မိဘတို့အပေါ် ကျေးဇူးတွေ မြှော်ပြီး ကော်ရော်ဦးချ''အပြန်တတိုင်''ပြန် ကြမှ လောကချမ်းသာ မင်္ဂလာထွေထွေ အိမ်တွင်းမှာနေ မယ်လို့....သိသောအားဖြင့် ကြိုးစားပြီး ကျွေးမွေးပြုစု ကြပါလေ....ဓမ္မမိတ်ဆွေတို့။

စတုတ္ထဂုဏ်ထူးအရ-ပြီးပါပြီ။

---

ပဉ္စမဂုဏ်ထူးအရ-ဒေသနာမှာ....

(၅) ''ပုဗ္ဗာစရိယာတိ ဘိက္ခဝေ မာတာပိတူနံ ဧတံ အဓိဝစနံ''။

လို့....ဥတိဝုတ် ပါဠိတော်မှာဟောကြားခဲ့ ပါတယ် ဘိက္ခဝေ၊ သံသာဝဋ်ထဲ မလွတ်ဘဲမို့ လွတ်လွဲလိုငြား အို.... လူများတို့။ ပုဗ္ဗာစရိယာတိ ဧတံနာမံ၊ လက်ဦးအစ ပဌမ ဆရာ-ဟူသော ဤအမည်သည်။ (ဘယ်သူနည်း) မာတာ ပိတူနံ၊ဖဝါးလက်နှစ်လုံး,ပခုံးလက်နှစ်သစ်က ဝါးဖတ်တော် ခဆီနှစ်ဖြင့် လူဖြစ်အောင်မွေး ဝစ္စာကျွေး၍ မွေးမြူခဲ့သော မွေးသမိခင်,မွေးသဘခင်ကျေးဇူးရှင်တို့၏။အဓိဝစနံ၊သူရော, ကိုယ်ပါ အဖြာဖြာ ကြည်နူးဘို့ အမည်ထူးပါပေတည်း။

အဓိပ္ပါယ်သဘော, စိတ်ချယ်ခါ, ပြောရ ဦးမှာပေါ့.... လက်ဦးပဌမ အာစရိယ-ဟု စာအရှိပြသောကြောင့် မိဘတို့ မှာပဌမဆရာ-ဆိုတဲ့ဂုဏ်ထူးရပုံမှာသား,သမီးတို့အား ရယ် တတ်,မောတတ်, ပြောတတ်,ဆိုတတ် ရှိတုန်းအခါက စ၍ အမေ, အဖေ, မိကြီး, မိထွေး, ဘကြီး,ဘထွေး, ဦးကြီး,

ဦးလေး,ကိုကြီး,ကိုလေး,ထွေးကြီး,ထွေးလေးမှစ၍ ခေါ်ပုံ, ပြောပုံ, စားပုံ, သောက်ပုံ, နေပုံ, ထိုင်ပုံ, သွားပုံ, လာပုံ, ကစားပုံမှစပြီး,သကာလ သွန်သင်ဆုံးမ ဩဝါဒ အဖြာဖြာ သင်ပေးကြရှာသောကြောင့် မိဘတို့မှာ လက်ဦးအစပဌမ ဆရာ-ဆိုတဲ့ ဂုဏ်ထူးတွေ ရကြပေတယ်။

ဒါ့ကြောင့်—ရဟန်း,သံဃာ,လူဆရာတို့သည် အဖြာဖြာ ပညာ အရာရာကိစ္စ မိဘနောက်မှ သင်ကြားရသောကြောင့် "ပစ္ဆာစရိယ-နောက်ဆရာ"လို့ ခေါ်ဆိုရပါတယ်၊ ဤမျှ လောက်သော ဂုဏ်ထူးဝိသေသ ရရှိကြတဲ့ မိခင်, ဖခင် ကျေးဇူးရှင်တို့အပေါ် လောကီ, လောကုတ် မြှော်ပြီး ကော်ရော်ဦးချ၊ပူဇာရဟာ ပြန်ထိုက်ကြပါတယ်။

ပဌမဂုဏ်ထူးအရ-ပြီးပါပြီ။

---

ဤမျှလောက် ထူးမြတ်တဲ့ဂုဏ်ထူးငါးဖြာ မိဘတို့မှာ ဘာ့ကြောင့် ရပါသလဲ-လို့ မေးစရာရှိပါ၍ ထိုအမေးပုစ္ဆာ မြန်မာလို တိုတိုပြဆိုရဦးမှာပေါ့။

ဘန္တေ၊ စကြာဝဠာ ကမ္ဘာမြေဆုံး နေတန့်းသို့ ရွှေဘုန်း တော်ကြီးမြတ်လှပေသော အရှင်ဘုရား။ တံ၊ ထိုမိဘတို့အား ဂုဏ်ငါးပါးကို ပွားများခပင်း ရရှိခြင်းသည်။ကိဿဟေတု၊ ဘာ့ကြောင့် ရသလဲ။ ကိဿဟေတု၊ ဘယ်လို အမှုဘယ်လို ပြုလို့ တခုမက ငါးဝဂုဏ်တွေ ရကြလေသနည်း။ ဣတိ အယံ၊ ဤကား....ပုစ္ဆာတည်း။

လောကုတ်,လောကီ နှစ်လီသုခ လိုတိုင်းရလို တောင်းဆို ဆိုသည့် ပျို,အိုထင်ရှား အို....ချစ်သားတို့၊မိခင်,ဘခင်ကျေး

ဖူးရှင်တို့သည်သား,သမီးတို့အားဝတ်စား,ငွေကြေး မေတ္တာ, ကရုဏာနဲ့ပေးခြင်း၊ အတတ်ပညာ အဖြာဖြာတို့ကို ကိုယ်တိုင်သင်ပေးခြင်း၊ ဆရာတို့ထံ အပ်နှံ၍ အတန်တန် ငွေကုန်လူပန်း အကြမ်း,အနု တခုမက များပြားလှစွာ သင်ပေးလာခြင်း၊အရှေ့,အနောက်,တောင်,မြောက်,လေးပါးခေါ်ပုံပြောပုံများကို သင်ကြားခြင်း ၊မန္တလေး, ရန်ကုန်, သထုံ, မော်လမြိုင် အစရှိသော ဇမ္ဗူနဂရာ တဌာမ်းမှာ အဖြူ အဝါ အဆန်းအပြာ အစိမ်းတွေနဲ့ မန်းနဂရာ ကိန်းတွေအတုယူ၊ ခုတမူ ပေါ်လာတဲ့ အဆင်အစားစားတို့ကို အထင်အမြင် မမှားရအောင်လျော်စွာသင်ကြားတာကတမျိုး ပေါ်သကာ၊ ဖဝါး လက်နှစ်လုံး, ပခုံးလက်နှစ်သစ်က ဝါးဖတ်တော် ခဆီ နှစ်ဖြင့်လူဖြစ်အောင်မွေးဝစွာကျွေး၍မွေးမြူခဲ့တာက ဘဖြာ၊ မကောင်းတာကိုချောက်, ကောင်းတာကိုမြှောက်ပြီး ယမာက်မောက်မားမား ဂုဏ်ထူးများအောင် တအားရှိသမျှ ၊ ဝိုဆုံးမခြင်း၊ အမိုက်နှင့် အလိမ္မာ နှစ်ဖြာခွဲပြီး အမြဲအစွဲ ေ ါင်းဘို့ရာ, မပေါင်းဘို့ရာ အမြင်မမှားအောင် သင်ကြားခြင်း၊ ကျောင်းသားသပိတ် လက်သဲဆိတ်၍ ပုလိပ်နှင့်ငါး သတိထားပြီး မမှားအောင်နေလို့ ဆို,ဆုံးမခြင်း၊ ကလေးက ကလေးလိုနေ, လူကြီးကတော့ လူကြီးလိုနေ,ကျောင်းသားက ကျောင်းသားလိုနေ နိုင်ငံရေးတွေမတုနဲ့ ပုသွားမယ်၊ ငနုလေး,ဘာလေး,ညာလေးများ မပြောကြားနဲ့ တောသားလို့အထင်ခံရလိမ့်မယ်၊အမြင်မှန်ရလိုက-ဦးနုဗျ‥ဘယ်လိုပါခင်ဗျ၊ဘယ်ဟာပါခင်ဗျ၊ဘယ်ညာပါခင်ဗျလို့ရင်သသ-ပြော၊ သဘော ကြီးကြီးထား၊ မမှားဘူးမောင်‥‥လို့ စာပြောင်ပြောင် ဆိုဆုံးမခြင်း၊ ဘုရား,တရား,သံဃာ, ဆရာ,မိဘ,များ

ကိုရိုသေကြ, ကျွေးမွေးကြ, ဆည်းကပ်ပူဇော်ကြ၊ မိဘတို့က သားသမီးအပေါ်သွားခဲ့တဲ့အသွားတတိုင်ကိုသားသမီးများက မမှားအောင် "အပြန်တတိုင်" ပြန်ကြလို့····ဆို,ဆုံးမခြင်း၊ကလေးတို့ ဘာသာဘာဝ ပုညကုသလာ ပြုစရာမလိုလို့များမပြောကြားနဲ့၊ကလေးတို့အလိုက် ကြိုက်တဲ့ ကုသိုလ်ကိုပြု၊မကောင်းမှုဆိုဘာကိုမျှမအောင့်မေ့နဲ့-လို့အတွေ့ဆောင်ပြီး မမေ့အောင် ဟောပြောဆုံးမခြင်း၊ အမှုတွေ ပြုကြလေသောကြောင့် မိတွေ့,ဘတွေမှာ ဂုဏ်ထူးငါးဖြာရရှိပါတယ်၊ ဇာတိအယံ-ဤကား ဝိသဇ္ဇနာတည်း။

ဥယျောဇဉ်ဒေသနာ ဆက်လိုကြပါလျှင်····

တသ္မာဟိ-တသ္မာဝေ၊ ထိုအကြောင်း ဒေသနာကို သေချာစွာ သိကြ,မြင်ကြ,သိမြင်ကြလေသောကြောင့်။ ဂုဏ်ပေါ ပါယ်ဘေးဘယ ကွယ်ဝေးပ၍ အေးချင်ကြပြား သင်လူများတို့သည်။ မာတာပိတုန်၊ မိခင်,ဘခင်ကျေးဇူးရှင်တို့၏။ ကိစ္စံ၊ ကြီးကြီး,ငယ်ငယ် သွယ်သွယ်ကိစ္စဟူသမျှကို။ကာကုံ၊ တပါး မယုတ် အားထုတ်၍ ပြုခြင်းငှါ။အလမေဝ-အလံဝေ၊သင့်လှတော့သည်သာလျှင်တည်း။ အလမေဝ အလံဝေ၊ ငယ်စဉ်တောင်ကျေး အကလေးက ယုယပိုက်ထွေး ဝစွာကျွေး၍ မွေးမြူခဲ့တဲ့ အမိ,အဘကို သတိရခါ အရေးယူပြီး သကာလ ဩော်····တို့တတွေမှာ မွေးမြူကြရာတော့သတည်း။

မာတာပိတု၊ အမိအဘကို။ ဝါ၊ အကျိုးငါးအင် မြော်မြင်တောင့်တ မွေးမြူကြပြား မိဘများကို လို့နောက်က အနက်ပြန်ဆိုခဲ့သောသဘာဝသာဓကအဓိပ္ပါယ် ပြရဦးမယ်။

၁။ ။ပဉ္စဋ္ဌာနာနိ သမ္ပဿံ၊ ပုတ္တံ ဣစ္ဆန္တိ ပဏ္ဍိတာ။
ဘဋော ဝါ,နော,ဘရိဿတိ၊ ကိစ္စံ ဝါ နော ကရိဿတိ။

၂။ ။ကုလဝံသော စိရံ တိဋ္ဌေ၊ ဒါယဇ္ဇံ ပဋိပဇ္ဇတိ။
အထဝါ ပန ပေတာနံ၊ ဒက္ခိဏံ အနုဒဿတိ။ ။
[ပဉ္စင်္ဂုတ္တရ ပါဠိတော်။]

၁-၂။ ဘောသန္တော၊မိဘကျေးဇူးဂုဏ်အထူးကိုကြည်နူးလိုပြား အို…လူများတို့။ပဏ္ဍိတာ၊ပညာရှိသောမိခင်,ဘခင်ကျေးဇူးရှင်တို့သည်။ပဉ္စဌာနာနိ၊ငါးပါး,ငါးမျိုး အကျိုးဖလအဝဝတို့ကို။ သမ္ပဿံ-သမ္ပဿန္တော၊ ကောင်းစွာမြော်မြင်ကြကုန်လျက်။ ပုတ္တံ၊ သား,သမီးကို။ဣစ္ဆန္တိ၊လာပါ့,လာပါမင်းပါလဲ ဆိုရှာသည့်ပုံ တောင့်တကုန်၏။နော၊ငါတို့သည်။ဝါ၊ ငါတို့က။ ဘဋော၊ မွေးမြူအပ်သော သား,သမီးသည်။နော၊ ငါတို့ကို။ ဘရိဿတိ၊ ရှိသေမြတ်လေး အတုံ့ပေး၍ကျွေးမွေးမပြတ် ကျေးဇူးဆပ်လတ္တံ့။ ကျေးဇူးအထွေထွေပြန်ဆပ်ကြပေလိမ့်မယ်။ နော၊ငါတို့၏။ ကိစ္စံဝါ၊ကြီးကြီးငယ်ငယ်သွယ်သွယ်ကိစ္စ ဟူသမျှကိုမူလည်း။ ကရိဿတိ၊ ကောင်းစွာမပျက် ဆောင်ရွက်ခါခါ ပြုစုပါလတ္တံ့။ကုလဝံသော၊ငါတို့၏အမျိုးအနွယ်သည်။ စိရံ၊ ကြာမြင့်စွာ။ ဝါ၊ ရှည်ကြာလေအောင်။တိဋ္ဌေ၊ စင်စစ်မသွေ တည်ရစ်ပေလတ္တံ့။ ဝါ၊တည်ရစ်ကြပါလိမ့်မယ်။ဒါယဇ္ဇံ၊ မိမွေ,ဘမွေခံထိုက်လေအောင်။ပဋိပဇ္ဇတိ၊ ကျင့်ကြံကြိုးကုတ် အားထုတ်လတ္တံ့။အထဝါပန၊ထိမှတပါးသော်ကား။ ပေတာနံ၊ အတည်မကျ ဘဝတပါးပြောင်းသွားစုတေ သေလေကုန်သော ငါတို့အား။ ဒက္ခိဏံ၊ အလှူကုသလ၏ ဘာဂအဘို့ကို။ အနုဒဿတိ၊ သုံးရက်ကစပေးလှူကြ၍ ဒါနထွေထွေ ပေးမျှဝေလတ္တံ့။

(ဥယျောဇဉ်ဂါထာ နောက်ကအတိုင်းဆက်ပါ။)

အမိ,အဘတို့ လိုလားတောင့်တ ဝတ်ငါးဝ၏ သာဓက အမိပွါယ် မြန်မာလို ပြဆိုပါဦးမယ်။

(၁) ငါတို့မွေးမြူအပ်သော သား,သမီးသည် ငါတို့ကို ရှိသေမြတ်လေး အတုံ့ပေး၍ ကျွေးမွေးမပြတ် နောင်အခါ ကျေးဇူးဆပ်လိမ့်မယ်….လို့-လိုလား တောင့်တခြင်း တပါး။

(၂) ငါတို့မွေးမြူအပ်သော သား,သမီးသည် ငါတို့၏ အမှုကိစ္စ ဟူသမျှကို ကျနစွာ ဆောင်ရွက် ပြုစုလိမ့်မယ်…. လို့-လိုလား တောင့်တခြင်း တပါး။

(၃) ငါတို့မွေးမြူအပ်သော သား,သမီးသည် မည်သူ၏ အမျိုး, မည်သူ၏အနွယ်စသည် ကြာမြင့်စွာ တည်ပါ လိမ့် မယ်လို့ လိုလား တောင့်တခြင်း တပါး။

(၄) ငါတို့ မွေးမြူအပ်သော သား,သမီးသည် မိခင်, ဘခင် ကျေးဇူးရှင်ဖြစ်တဲ့ ငါတို့၏ အမွေအနှစ်တို့ကို ခံစံပြီး တော့..သုံးထိုက်,စားထိုက်လေအောင် ငါတို့၏အတွက်ပြုရ မဲ့ ဝတ္တရား အကျင့်တွေ မပျက်မကွက် ကျင့်ကြလိမ့်မယ်…လို့- လိုလား တောင့်တခြင်း တပါး။

(၅) ငါတို့ မွေးမြူအပ်သော သား,သမီးသည် ငါတို့ တတွေ သေလေပြားသော်လည်း ငါတို့အား ဘဝတပါး ကောင်းစားစေခြင်း အကျိုးငှါ၊ သူတို့၏အလှူကုသလ ဘာဂ အဘို့ကို သေပြီးသည့်နောက် သုံးရက်ကစ၍ လှူအပ်သော အလှူဒါနတွေ သွားလေသူ အမိ,အဘတို့မှာ အမျှရကြပါ စေ-ရပါစေဟု ချမ်းသာကြစေခြင်းအကျိုးငှာ အမျှပေးဝေ ကြပါလိမ့်မယ်….လို့-လိုလားတောင့်တခြင်း တပါး။

ဤ သည်ကား····အမိ, အဘတို့ လိုလား တောင့်တတဲ့ ဝတ်ငါးဝတို့ပါပေတည်း။

မိခင်,ဘခင် ကျေးဇူးရှင်တို့ တောင့်တလိုလားတဲ့ ဝတ်ငါးပါးကိုသားများ,သမီးများကကြိုးစားပြီး တိုးပွားအောင် ကြံဆောင် ပြုကျင့်ဘို့ရာ ကောင်းလှပါပေသတည်း။

အမိ,အဘတို့ တောင့်တလိုလား ကျင့်ဝတ်ငါးကို မမှားအောင် ဘယ်သူတွေ ပြုကျင့်ကြလေသနည်း။

ဌာနာနေ-တာနိ သမ္ပဿံ၊
ပုတ္တံ ဣစ္ဆန္တိ ပဏ္ဍိတာ။
တသ္မာ သန္တော သပ္ပုရိသာ၊
ကတညူ ကတဝေဒိနော။ ။
[ပဉ္စင်္ဂုတ္တရ ပါဠိတော်။]

ဘောသန္တော၊ မိ,ဘ ကျေးဇူး ဂုဏ်အထူးကို ကြည်နူးလိုငြား အို····လူများတို့။ပဏ္ဍိတာ၊ပညာရှိသောမိခင်,ဘခင် ကျေးဇူးရှင်တို့သည်။ ဧတာနိ ဌာနာနိ၊ ထိုနောက်က ပြဆိုခဲ့ပြီးသော တောင့်တ လိုလား အကျိုးငါးပါးတို့ကို။သမ္ပဿံ-သမ္ပဿန္တော၊ ရှေ့ရေး, နောက်ရေး ကြံဖန်တွေး၍ မနှေးဖုံဖုံ မြော်မြင်ကြကုန်လျက်။ပုတ္တံ၊ သား,သမီးကို။ ဣစ္ဆန္တိ၊လိုလားတောင့်တကြလေကုန်၏။ဣစ္ဆန္တိ၊ လာပါ့,လာပါ မဆိုပါလဲ ဆိုရှာသည့်ပုံ တောင့်တကုန်၏။တသ္မာ၊ထို မိခင်,ဘခင် ကျေးဇူးရှင်တို့ ခင်မင်တောင့်တ ဝတ်ငါးဝကို ကျနမသွေ သိမြင်ကြလေ သောကြောင့်။ သန္တော၊ လောဘ, ဒေါသ, မောဟ စသည် အလီလီ အဖုံဖုံ ငြိမ်သက်ကုန်သော။သပ္ပုရိသာ၊သူတော်ကောင်းတို့သည်။သပ္ပုရိသာ၊ဘုရား,ရဟန္တာ,

ပစ္စေကနှင့်သာဝကာပေါင်း အရိယာဆိုတဲ့ သူတော်ကောင်း တို့သည်။ကတညူ၊ ငယ်စဉ်တောင်ကျေး အကလေးက ယုယ ကျွေးဘူး သူ့ကျေးဇူးကို အထူးမပြတ် သိတတ်ကုန်သည် ဖြစ်၍။ ကတဝေဒိနော၊ သိသောအတိုင်း ကိုင်းရှိုင်း မပြတ်, ကျေးဇူးဆပ်ကြကုန်သည်ဖြစ်၍။မာတာပိတရော၊ မိခင်,ဘခင် ကျေးဇူးရှင်တို့ကို။ဘရန္တိ၊ရှိသေမြတ်လေးအတုံ့ပေး၍ကျွေး မွေးမပြတ် ကျေးဇူးဆပ်ကြလေကုန်တော့သတည်း။

[ဥယျောဇဉ်ဒေသနာ နောက်ကအတိုင်းဆက်ပါ။]

အမိပွါယ်ကတော့-မိဘတို့ တောင့်တလိုလားတဲ့ဝတ်ငါး ပါးကို မမှားအောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ပြီး ပြု လုပ်တဲ့သူတွေ ဘယ်သူတွေလဲလို့ ရှာခါကြည့်တော့....သပ္ပု ရိသာ-လို့....လာတဲ့အတိုင်း သူတော်ကောင်း ကြီးတွေ ပြုကျင့်ကြပေတယ်-လို့....အမြင် မမှားအောင် ထင်ရှား စွာ ပဋ္ဌအဂ်ုတ္တိုရ်မှာ ဟောခဲ့ပါတယ်၊ အဲဒီ..ကျင့်ဝတ္တရား တွေဟာ အိမ်တွင်းမှာ အတူနေတဲ့ သားတွေ,သမီးတွေရဲ့ ပဋိပတ် အကျင့်မြတ်ဖြစ်၍ (အိမ်တွင်းသာသနာ) လို့.... အမည်တပ်လိုက်ရပါတယ်။

အမိ,အဘတို့အား ဝတ်စားငွေကြေး မပြတ်ပေး၍ ကျွေး မွေးပြီးသကာလ ညဉ့်,နံနက်တိုင်း ကိုင်းရှိုင်းမပြတ် ရှိခိုး အပ် ကြောင်း ကောင်းကောင်းကြီး သိကြရန် တဖန် ပြလိုသော ကြောင့်....

၁။ ။တသ္မာ ဟိ, နေ, နမဿေယျ၊
သက္ကရေယျ စ ပဏ္ဍိတော။
အန္နေန အထော ပါနေန၊
ဝတ္ထေန သယနေန စ။ ။

၂။ ။ဥစ္ဆာဒနေန နှာနေန၊
ပါဒါနံ ဓောဝနေန စ။
တာယ ပါရိစရိယာယ၊
မာတာပိတူသု ပဏ္ဍိတာ။
ဣဓေဝ နံ ပသံသန္တိ၊
ပစ္စသဂ္ဂေ ပမောဒတိ။ ။

[ဣတိဝုတ်ပါဠိတော်။]

၁။ ဘောဒန္တော၊ယော်စဉ်တောင်ကျေးအကလေးက ယုယ ပိုက်ထွေး ဝစ္စာကျွေး၍ မွေးမြူခဲ့ပြီး မိဘများကိုဝတ်စားငွေကြေး မပြတ်ပေးလျက် ကျွေးမွေးလိုလား အို····လူများတို့။ တသွာဟိ-တသ္မာဧဝ၊ ထိုနောက်က ပြဆိုခဲ့ပြီး အသီးသီး အဖုံဖုံ အကြောင်းစုံတို့ကို အကုန်မကျန် အမှန်ပကတိ သိရှိကြ လေသောကြောင့် သာလျှင်။ ပဏ္ဍိတော၊ ရှေ့ရေး, နောက်ရေး ကြံဖန်တွေး၍ မနေးမြင်သိ ပညာရှိသည်။ပဏ္ဍိ-တော၊ လောက,သံသရာ နှစ်ဖြာပြစ်ဘေး အစစ်အေး၍ သူဌေးဖြစ်ရန် ဓမ္မခန်ကို အမှန်မြင်သိ ပညာရှိသည်။ နေ၊ထို မိခင်,ဘခင် ကျေးဇူးရှင်တို့ကို။ နမသေယျ၊ညွှတ်,နံနက်တိုင်း ကိုင်းရှိုင်းမပြတ် အထပ်ထပ်ရှိခိုး အမျိုးမျိုးပူဇော် ဖူးမြော် ကန်တော့ကြရာ၏။ အန္နေနစ၊ ထမင်းဘောဇဉ် ချိုချဉ်ထူးပြား အထူးထားသဖြင့်၎င်း။ ပါနေနစ၊ အဖျော်ယာမကာ ဖြာဖြာရေချမ်း ကမ်းလှမ်းခြင်းဖြင့်၎င်း။ သဏ္ဍေ့ယျ၊ ရှိသေ မြတ်လေး အတုံ့ပေးခါ ကျွေးမွေးပြုစုရာ၏။ ဝတ္ထေနစ၊ အဝတ်ပုဆိုး အမျိုးမျိုးထမီ အလီလီတန်ဆာ ဒွါရယာဖြင့် ၎င်း။ သယနေနစ၊ အိပ်ရာနေရာ အဖြာဖြာ ညောင်စောင်း

ခုတင်ကောင်းဖြင့်ငင်း။သက္ကရေယျ၊ ရှိသေမြတ်လေး အတုံ့ပေးခါ ကျွေးမွေးပြုစုရာ၏။

၂။ အထော၊ထိုမှတပါး။ဥစ္ဆာဒနေနစ၊ မကောင်းနံ့ကိုဖုံးဟန့်ကာကွယ် အခြယ်ရေမွှေး လိမ်းကျံပေးခြင်းဖြင့်ငင်း။ နှာနေနစ၊ ရေပူ,ရေအေး ချိုး၍ပေးခြင်းဖြင့်ငင်း။ ပါဒါနံ၊ လက်,ခြေ အင်္ဂါအဖြာဖြာတို့ကို။ မေါ၀နေနစ၊ ပွတ်ခြင်း, တိုက်ခြင်း, ပွတ်တိုက်ခါဆေးကြောခြင်းဖြင့်ငင်း။ သက္ကရေယျ၊ပူဇော်မြတ်လေး အတုံ့ပေးခါကျွေးမွေးပြုစုရာ၏။ မာတာပိတူသု၊မိခင်, ဘခင် ကျေးဇူးရှင်တို့၌။ တာယပါရိစရိယာယ၊ထိုသို့ ပြုစုလုပ်ကျွေး အတုံ့ပေးခြင်းကြောင့်။ ဝါ၊ မိခင်,ဘခင် ကျေးဇူးရှင်တို့က သား,သမီးအပေါ်မှာ ကျွေးမွေးပြီး သွားခဲ့တဲ့ အသွားတတိုင် ရှိတာကို သား,သမီးတို့က ကျွေးမွေးခြင်းဆိုတဲ့ အပြန်တတိုင် ပြန်နိုင်ကြလေ သော ကြောင့်။နံ၊ထိုသား,သမီးကို။ ဝါ၊အသွားတတိုင်အရှိ အပြန်တတိုင်သိ၍ ပြန်နိုင်သော သား,သမီးကို။ ဣဓေဝ—ဣဓေဝ၊ ဤပစ္စုပ္ပန် ပြုသမျှ ခုဘဝ၌ပင်လျှင်။ပဏ္ဍိတာ၊ ဉာဏ်အခေါင်ထိ ပညာရှိတို့သည်။ ပသံသန္တိ၊ တော်ပေ့, ဟန်ပေ့, မှန်ပါပေ့နှင့် မမေ့ဖုံဖုံ ချီးမွမ်းကြလေကုန်၏။ ပစ္စ၊ နောင်တမလွန်ဘဝ၌။ သဂ္ဂေ၊ နတ်ပြည်ခြောက်ဖြာ ဝတိံသာရပ်ဘုံအမြတ်၌။ သဂ္ဂေ၊ သေပြီးနောက်ခါ ထက်နတ်ရွာ၌။ ပမောဒတိ၊ ဝမ်းမြောက်ရွှင်ပြုံး တအုံးအုံးနှင့် တပြုံးပြုံးပျော်ကြ မွေ့လျော်ရပါ ပေသတည်း။

(ဥယျောဇဉ် ဒေသနာ နောက်ကအတိုင်းဆက်ပါ။)

အမိပ္ပါယ်သာဓက သဘာဝအမှန် ကောက်ပြီး သံပေါက်နှင့် ပြရဦးမှာပေါ့။

ကိုယ်ကမွေးဖွားပြီးသကာလ····ကိုယ့်အောက်မှာ ပေါ်လာကြတဲ့သားတွေ,သမီးတွေ,မြေးတွေရဲ့အပေါ်ချစ်စိတ်တွေနဲ့ ပျော်ပြီးတော့-ကိုယ့်အပေါ်မှာ ရှေးအထက်ကျော်ကပြုစုပျိုးထောင်ပြီးတော့··ငယ်စဉ်တောင်ကျေး ကလေးဘဝ ချိန်, သေးကစ၍ သုတ်သင်ရှင်းလင်းကျွေးမွေးပြုပြင် သွန်သင်ခါလာခဲ့ကြတဲ့ မိခင်,ဘခင်ကျေးဇူးရှင်တို့ရဲ့ဂုဏ်ကျေးဇူးတွေကို ဖွတ်မေ့,ပဒတ်မေ့ အနုမြူမေ့တွေမေ့ပြီးနေတတ်ကြပါတယ်။

ဒါ့ကြောင့်-မူလဘူတ ချမ်းသာရတာ စီစစ်ရှာတော့···· မိခင်,ဘခင် ကျေးဇူးရှင်တို့က ပဌမအစ ကျွေးမွေးခါသွန်သင်ပြီးနောက် အချိန်အရွယ်သို့ ရောက်တဲ့အခါ မင်္ဂလာဆောင်သည့်အထိ မိဘဝတ္တရားအတိုင်း ကျွေးမွေးသုတ်သင်လို့သာ ယခုအခါ ကျမ္မာ,ချမ်းသာစွာနှင့်ပင် နေရပါကလားလို့ သတိရခါ ကျေးဇူးတွေသိကြရမယ်၊ ထိုမှတဖန် ချမ်းသာပြန်သော် ငါ့ကံချည်းဘဲလို့ အထင်မကြီးလိုက်ပါနဲ့ အုံး၊ပဌမတုန်းက အမေ,အဖေတို့ရဲ့ ပြုစုပျိုးထောင်မှု ကျမ္မာချမ်းသာအောင် ဆောင်မှုတွေကြောင့်သာ ယခုအခါ တဆင့်တက်လာပြီးတော့····ငါတို့မှာ ချမ်းသာရတာပါကလားလို့ မူလဘူတကို ပြန်လှန်ပြီး ကြည့်ရ,သိရမယ်၊ရာထူး,ဂုဏ်ထူး, ဘွဲ့ထူးတွေ ရခဲ့တာကကော····ကလေးဘဝ အခြေရပြီး အမေ,အဖေက စခဲ့လို့သာ ရခဲ့တာပေါ့၊ဂုဏ်ထူး,ရာထူး,ဘွဲ့ထူးများ ရတဲ့အခါ ရသောသူတို့မှာ အမေ,အဖေကပေးတဲ့ ရာထူးဟဲ့၊အမေ,အဖေက ပေးထားခဲ့တဲ့ဂုဏ်ထူးကွဲ့ လို့···· အောင့်မေ့ရမယ်၊ အမေ,အဖေတို့က ဆောက်ပေးခဲ့တဲ့ တိုက်ကြီးကွဲ့,အမေ,အဖေတို့ဆောက်ပေးခဲ့တဲ့အိမ်ကြီးကွဲ့ လို့···

အဲဒီလို..အိမ်ရာ,တိုက်,ကျောင်း အပေါင်းဥစ္စာ ဘယ်ဟာ မဆို အမေ,အဖေတို့ ပေးခဲ့တာလို့သာ အောက်မေ့ကြပါ၊ ချမ်းသာပါလိမ့်မယ်။

သူတပါးထံ ငါးကျပ်တန်,တဆယ်တန်လေးများ ချေး ငှားလို့-သုံးခါလောက်ရလာလျှင်လင်ရော,မယားရောဒီအိမ် ကို ခင်လိုက်,မင်လိုက်ကြတာ၊ထမင်းကောင်း,ဟင်းကောင်း များ ချက်တဲ့အခါပေးပါ၊မမေ့ပါနဲ့-လို့စားရင်း,သောက် ရင်း လင်မယားနှစ်ယောက်ပြောလိုက်ကြတာ၊ငါးကျပ်တန်, တဆယ်တန် အပြန်အလှန်ခဏကလေးချေးလို့ ရခဲ့တာ ပါ၊ ပေးတာမဟုတ်သေးပါဘူးဗျာ့၊ ငါးကျပ်တန်, တဆယ် တန်ကို ခဏကလေးချေးငှားလို့ ရတာတော့....ကျေးဇူးရှင် ဘဲလို့ ထင်ကြ,မြင်ကြတယ်၊ ထမင်း,ဟင်းတွေ ကျွေးကြ,ပေး ကြတယ်၊ငယ်စဉ်တောင်ကျေး ကလေးဘဝချိး,သေး ကစပြီး သုတ်သင်ရှင်းလင်းပြီးသကာလ သေသည့်နောက်မှာ ပစ္စည်း ဥစ္စာရတနာရွှေ,ငွေလယ်,မြေ,ဘဏ္ဍာတွေရှိသမျှအမွေတွေ အမေ,အဖေတို့က ပေးခဲ့တာကိုတော့....(သတိ)များလွန်း အားကြီးလို့ မေ့ကြသလား၊ အို....လူများတို့။

(မိဘကျေးဇူး-အထူးဆပ်ပါသံပေါက်)

အိပ်ရာဝင်စ၊ မိနှင့်ဘ၊ ဦးချ မေတ္တာဝေ။
မိဘကျေးဇူး၊ ဂုဏ်အထူး၊ ကြည်နူးဆပ်ကြလေ။
ခဲဘွယ်ဘောဇဉ်၊ ချိုအချဉ်၊ ကုန်စင်ကျွေးကြလေ။
ပုဆိုးထမီ၊ အသီသီ၊ ကိုယ်စီပေးကြလေ။
အိပ်ရာ,နေရာ၊ အဖြာဖြာ၊ ခါခါပေးကြလေ။
ရေပူ,ရေအေး၊ ချိုး၍ပေး၊ မနှေးပြုကြလေ။

မိဘအနား၊ အမြဲသွား၊ ကြိုးစားနှင်းကြလေ။
မိဘအနား၊ အမြဲသွား၊ ဝပ်တွားနှိပ်ကြလေ။
အဝတ်အစား၊ ချေးညှော်များ၊ ဖွပ်ထားကြပါလေ။
မိခင်,ဘခင်၊ ကျေးဇူးရှင်၊ ဂုဏ်မြင်ပြုကြလေ။
ပညာရှိများ၊ ထိုတရား၊ မမှားပြုကြပေ။
ဘုရားအလောင်း၊ သူတော်ကောင်း၊ ပြန်ပြောင်းဆပ်ကြပေ။
ကျေးဇူးဆပ်လျှင်၊ အမြတ်မြင်၊နတ်ပင်ဖြစ်ရပေ။
နတ်ပြည်ကကျော်၊နိဗ္ဗာန်ပေါ်၊ခေါ်ဝေါ်သွားကြပေ။
အိမ်တွင်းသာသနာ၊ မိပ္ပါယ်လာ၊ မြန်စွာပြုကြလေ။
ပြုသောအခါ၊ အိမ်တွင်းမှာ၊ မကြာချမ်းသာစေ။
ဝုန္နာသက္ကာ၊ သိကြားပြ၊ ဗုဒ္ဓတရားတွေ။

ဤသို့ ပြဆိုခဲ့ပြီးသော အကြောင်းဓမ္မတို့က အပေါင်းပစ္စယဆိုတဲ့ ရတနာတွေ မိ,ဘတို့ထံ ကျေးဇူးပြန်တဲ့ "အပြန်တတိုင်" ဖြစ်လေသောကြောင့် လောကီအလို အားဖြင့် ကျေးဇူး ပြန်တယ်လို့ မှတ်ကြရမယ်၊ ထို လောကီ ပစ္စယကျေးဇူးပြန်ရုံမျှနဲ့ မိ,ဘတို့ကျေးဇူး အထူးထူး အထွေထွေ ကြေကြပေပြီလို့ အားရတင်းတိမ်ပြီးသကာလမနေကြပါနဲ့ အုံးတဲ့၊ လောကုတ္တရာဆိုတဲ့ ဓမ္မအလိုအားဖြင့်လဲဘဲ ကျေးဇူးပြန်ကြရန် တဖန် ပြလိုသောကြောင့်....

(၁) ယောစခေါ ဘိက္ခဝေ မာတာပိတရော အသဒ္ဓေ သဒ္ဓါသမ္ပဒါယ သမာဒါပေတိ၊ နိဝေသေတိ၊ ပတိဋ္ဌာပေတိ။

[ဒုကအင်္ဂုတ္တရပါဠိတော်။]

ဘိက္ခဝေ၊ ချစ်သား တသီး ဒို….ချစ်သမီးတို့။ ယော-စခေါ၊အကြင် သား,သမီးသည်ကား။အသဒ္ဓေ၊ သဒ္ဓါတရား မရှိ နည်းပါးကြကုန်သော။ မာတာပိတရော၊ မိခင်,ဘခင် ကျေးဇူးရှင်တို့ကို။သဒ္ဓါသမ္ပဒါယ၊ပေးကမ်းလှူဒါန်း စွန့်ကြဲခြင်းဆိုတဲ့ သဒ္ဓါတရားနှင့် ပြည့်စုံစေခြင်းအကျိုးငှာ။သမာ-ဒါပေတိ၊ ဆောက်တည်စေ၏။ နိဝေသေတိ၊ သက်ဝင်စေ၏၊ သွတ်သွင်း၏။ ပတိဋ္ဌာပေတိ၊ တည်စေ၏။

**အဓိပ္ပါယ်မှာ။** "သဒ္ဓါတရား နည်းပါးသော အမိ, အဘတို့အား သဒ္ဓါတရား တိုးပွားသည်ထက် တိုးပွားလေအောင် ကြိုးဆောင်ပြီးသကာလ သား, သမီးတို့က ဟောပြောခြင်းကို လောကုတ္တရာ အလိုအားဖြင့် ကျေးဇူး ဆပ်တယ်လို့ ခေါ်ဆိုရပေတယ်။

ထိုမှတဖန် ပြုလိုပြန်၍….

(၂) ယောစခေါဘိက္ခဝေ မာတာပိတရော ဒုဿီလေ သီလသမ္ပဒါယ သမာဒါပေတိ၊ နိဝေသေတိ၊ ပတိ-ဋ္ဌာပေတိ။

[ဋငင်းပါဠိတော်။]

ဘိက္ခဝေ၊ချစ်သားတသီး ဒို….ချစ်သမီးတို့။ယောစခေါ၊ အကြင် သား,သမီးသည်ကား။ ဒုဿီလေ၊ ငါးပါး,ရှစ်ပါး, ဆယ်ပါး စသည်အလီလီ ပဋိပတ် သီလ တည်းဟူသော အကျင့်မြတ်တွေ မပြည့်ကြကုန်သော။ မာတာပိတရော၊ မိခင်, ဘခင် ကျေးဇူးရှင်တို့ကို။သီလသမ္ပဒါယ၊အကျင့်သီလ အာစာရနှင့် ပြည့်ဝကြစေခြင်းငှာ။ သမာဒါပေတိ၊ဆောက် တည်စေ၏။ နိဝေသေတိ၊ သက်ဝင်စေ၏၊ သွတ်သွင်း၏။ ပတိဋ္ဌာပေတိ၊ တည်စေ၏။

**အဓိပ္ပါယ်မှာ။** ။ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးစသည် အလီလီ ပဋိပတ် သီလတည်းဟူသော အကျင့်မြတ်တွေ မပြည့်ဝကုန်သောအမိ,အဘတို့အား သီလတည်းဟူသော အကျင့်မြတ်တွေ ပြည့်ဝကြစေခြင်းငှာ ကြိုးဆောင်ပြီးသကာလ သား, သမီးတို့က ဟောပြောခြင်းကို လောကုတ္တရာ အလိုအားဖြင့် ကျေးဇူးတဖန် ပြန်လှန် ဆပ်တယ်-လို့ ခေါ် ဆိုရပါတယ်။

ထိုမှတဖန်ပြလိုပြန်၍....

(၃) ယောစခေါ ဘိက္ခဝေ မာတာပိတရော မစ္ဆရိနော စာဂသမ္ပဒါယ သမာဒါပေတိ၊ နိဝေသေတိ၊ပတိ-ဋ္ဌာပေတိ။

[ဂုင်းပါဠိတော်။]

ဘိက္ခဝေ၊ချစ်သားတသီး အို....ချစ်သမီးတို့။ယောစခေါ၊ အကြင် သား,သမီးသည်ကား။ မစ္ဆရိနော၊ မစ္ဆေရဘက် မလှူရက်ကုန်သော။ မာတာပိတရော၊ အမိ, အဘ တို့ကို။ စာဂသမ္ပဒါယ၊ စွန့်ကြဲခြင်းတရား များသည်ထက်များပြား စေခြင်းငှာ။သမာဒါပေတိ၊ဆောက်တည်စေ၏။နိဝေသေတိ၊ သက်ဝင်စေ၏၊သွတ်သွင်း၏။ပတိဋ္ဌာပေတိ၊တည်စေ၏။

**အဓိပ္ပါယ်မှာ။** ။ဝန်တိုစုံဇက် မလှူရက် မဒါန်းရက် မစွန့်ကြဲရက်သော အမိ,အဘတို့အား ပေးကမ်းလှူဒါန်း စွန့်ကြဲခြင်းဆိုတဲ့ သဒ္ဓါတရား တိုးပွားအောင် ကြိုးဆောင် ပြီးသကာလ သား,သမီးတို့က ဟောပြောခြင်းကို လောကုတ္တရာအလိုအားဖြင့် ကျေးဇူးဆပ်တယ်လို့ ခေါ်ဆိုရပါတယ်။

ထိုမှတဖန် ပြလိုပြန်၍....

၄။ ယောစခေါ် ဘိက္ခဝေ မာတာပိတရော ဒုပ္ပညေ ပညာသမ္ပဒါယ သမာဒါပေတိ၊ နိဝေသေတိ၊ ပတိ-ဋ္ဌာပေတိ။

[ဂုင်းပါဠိတော်။]

ဘိက္ခဝေ၊ချစ်သားတသီး အို....ချစ်သမီးတို့။ ယောစခေါ၊ အကြင် သား,သမီးသည်ကား။ ဒုပ္ပညေ၊ အသိအလိမ္မာ ပညာနှံ့နှေး လွန်စွာငေးကုန်သော။မာတာပိတရော၊မိခင်, ဘခင် ကျေးဇူးရှင်တို့ကို။ ပညာသမ္ပဒါယ၊ အသိအလိမ္မာ ပညာတရား ပွားများ ပြည့်စုံခြင်း၌။ သမာဒါပေတိ၊ ဆောက်တည်စေ၏။ နိဝေသေတိ၊ သက်ဝင်စေ၏။သွတ်သွင်း၏။ပတိဋ္ဌာပေတိ၊ တည်စေ၏။

**အဓိပ္ပါယ်မှာ။** ။အသိအလိမ္မာ ဉာဏ်ပညာနည်းပါးသောအမိ,အဘတို့အား အသိအလိမ္မာပညာတရားတိုးပွားလာအောင် ကြံဆောင်ပြီး သကာလ သား,သမီးတို့က ဟောပြောခြင်းကို လောကုတ္တရာဓမ္မအလိုအားဖြင့် ကျေးဇူးတဖန်ပြန်တယ်လို့ ခေါ်ဆိုရပေတယ်။

မိခင်,ဘခင် ကျေးဇူးရှင်တို့အား ဤကဲ့သို့ ပြဆိုခဲ့ပြီးသော လောကုတ္တရာ အလိုအားဖြင့် ကျေးဇူးဆပ်ခြင်းတရား လေးပါးတို့သည် ပျောက်သလောက် ဖြစ်နေကြပါတယ်။

ဒါ့ကြောင့်-ပစ္စည်းဥစ္စာ ရတနာ ရွှေ, ငွေ, လယ်,မြေ, ဘဏ္ဍာ ဖြာဖြာဝတ္ထု၊ အစုစုတို့ဖြင့် အမိ,အဘတို့အားကျွေးမွေး ပေးကမ်းခြင်းကို လောကီ· အလိုအားဖြင့် ကျေးဇူးဆပ်ခြင်းလို့ခေါ်ဆိုရပါတယ်။

အသိအလိမ္မာ ဉာဏ်ပညာနှင့် သဒ္ဓါ, သီလ, စာဂ တဖုံ ပြည့်စုံတိုးပွား အကျိုးများစေခြင်းငှာ သား, သမီးတို့က အမိ,အဘတို့အား ဟောပြောခြင်းကို လောကုတ္တရာအလို အားဖြင့် ကျေးဇူးဆပ်ခြင်းလို့ ခေါ်ဆိုရပါတယ်၊ ဤကဲ့သို့ လောက, ဓမ္မ နှစ်ဌာနမယွင်း ကျေးဇူးဆပ်ခြင်းကိုပင် နတ်တို့မြင်၍ ကုန်စင်အောင် စောင့်ရှောက်ရသည့် အကြောင်း ဝတ္ထုကောင်းပြရဦးမှာပေါ့။

ရှေးအတိတ်မည်ခေါ် ဒဏ္ဍကီမင်းအကျော်သည် မင်းပြုတော်မူသောအခါ ထိုမင်းသဘော လိုက်ရောညီညာ လူများစွာတို့သည် မင်းနှင့်တကွ ပြုကြသည်မှာ၊ သရဘင်္ဂဆရာကြီး၏ တပည့် ကိသဝစ္ဆ အမည်ရတဲ့ ဓမ္မပျော်မွေ့ ရှင်ရသေ့အား ဒဏ္ဍကီမင်း စိုးမိုးအုပ်ချုပ် မင်းပြုလုပ်တဲ့ ကလိင်္ဂတိုင်းပြည်မှ မဆိုင်းအတည် မနေနိုင်ရန် အဖန်ဖန် သလိပ်,နှပ်,အထပ်ထပ် ကျင်ငယ်,အသွယ်သွယ် ကျင်ကြီး,အသီးသီး ရွံ့ရှာဘွယ်တို့နှင့် ပစ်ကြ, ခတ်ကြသောကြောင့် ကလိင်္ဂတိုင်း အလုံး ယူကျုံးမရအောင် ပဌမတော့-ပကတိမိုယ်းရွာ၊နောက်မှာတော့-ငွေမိုယ်းတွေရွာ၊၎င်းနောက်များမကြာ ရွှေမိုယ်းတော့ ရွာမယ်လို့အလုပ် တမုဟုတ်ချက်ခြင်း ပဏ္ဍုကမ္ဗလာတင်း၍ သိကြားမင်း ဆင်းလာခဲ့သကိုး။

အလို⋯ကလိင်္ဂတိုင်းအလုံး ယူကျုံးမရ ရွှေမိုယ်း, ငွေမိုယ်းတွေရွာသွန်းချပြီး ဓါးမိုယ်း,လှံမိုယ်းတွေရွာသွန်းချတဲ့ အခါမှာ၊မိဘလုပ်ကျွေး မောင်ရာမ-ဆိုတဲ့ လုလင်ပျိုကလေးကို သေဘေးသို့ မပါအောင် ငါသိကြား ယူဆောင်ဘို့အခင်း ပဏ္ဍုကမ္ဗလာတင်းပါကလား⋯

ဘုရား,ဘုရား··ဘုရားကိုးကွယ်ပါ၏၊တရားကိုးကွယ်ပါ၏၊ သံဃာတော်မြတ်များကိုးကွယ်ပါ၏၊တရားမမြင်အမှားထင်ပြီး တရားရှင်ရသေ့ကို ပြကတေ့ အမိုက်ဉာဏ်နှင့် ရိုက်ဒဏ်, ဆဲဒဏ်,ပြစ်မှားကံကြောင့် ဓါးလှံ,ဓါးမိုယ်း,လက်နက်မိုယ်း တွေ ရွာချတော့မလေ····

တာရေမဆိုင်း ဗာရာတိုင်းသို့ မရှိုင်းအလျင် လက်ပွေ့တင်ပြီး လေယာဥ်သဘော မေတ္တာဇောနှင့် ချောမောသာလှ ဟဲ့-မောင်ရာမ-မောင်ရာမ····မိဘကျေးဇူး အထူးဆပ်ခြင်း ကုသိုလ်ရင်းကြောင့် ဘေးကင်းဘို့ရာ စေတနာဖြင့် ဒေဝါ ထင်ရှား ငါသိကြားသည် သင်အားပို့တော့မလေ····

မိ,ဘကျွေးမွေး ရာမလုလင်ကလေးကို သိကြားမင်း ယူဆောင်ပြီး ဗာရာဏသီ၊ထိုတိုင်းပြည်သို့ ပို့ပြီးတဲ့အခါ နောက်များမကြာမီ ဒဏ္ဍကီမင်း အုပ်ချုပ်တဲ့ ကာလိင်္ဂတိုင်းပြည် ငွေမိုယ်း,ရွှေမိုယ်းတွေရွာအချ မင်းနှင့်တကွ ဝမ်းသာကြ၍ ကာလိင်္ဂတိုင်းနိုင်ငံ တယောက်မျှမကျန်အောင် ထွက်အကောက် ဓါးမိုယ်း,လှံမိုယ်းတွေဖေါက်ပြီး တယောက်မကျန် ကာလိင်္ဂတိုင်းအလုံး ယူကျုံးမရ သေရှာကြလေသတည်း။

ဒါ့ကြောင့်–လောကုတ်,လောကီ နှစ်လီသုခ လိုတိုင်းရလိုတောင်းဆုဆိုသည့် ပျို,အိုထင်ရှား အို····လူများတို့၊မိများ, ဘများ မေတ္တာထား၍ ဝတ်စား,ငွေကြေး မပြတ်ပေးကာ ကျွေးမွေးရာ၏၊ တဖြာသီလ မြတ်ဒါနနှင့် စာဂ,ပညာ တိုးပွားလာအောင် ဟောခါဆောင်လျက် လူ့ဘောင်,လူ့ရွာ ပြုကျင့်ရာသည် ဇာနဒ္ဓာသက္က စောင့်လိမ့်သောဝ်။

အဲ····ဤကဲ့သို့ ကလိင်္ဂတိုင်းအလုံး ယူကျုံးမရ သေကြေ ပျက်စီးရတာ-မပြစ်မှားထိုက်သော ခင်ပွန်းကြီး ဆယ်ပါး တို့တွင် တပါးအပါအဝင်ဖြစ်တဲ့ ရသေ့ သူတော်ကောင်းကို ပြစ်မှားသည့်အကုသိုလ်ကံတို့ကြောင့်ဖြစ်ပါတယ်၊ဒါ့ကြောင့်- သူရော,ကိုယ်ပါ လူများစွာတို့သည် မပြစ်မှား ထိုက်သော ခင်ပွန်းဆယ်ပါးနှင့်တကွ ပြစ်မှားသူများ ခံစားရမည့် ဒဏ် ကြီးဆယ်ပါးတို့ကို မြန်မာလို တိုတိုပြဆိုရဦးမှာပေါ့။

မပြစ်မှားထိုက်သော ခင်ပွန်းကြီးဆယ်ပါး။

(၁) ဘုရားဗုဒ္ဓါ။
(၂) ပစ္စေကဗုဒ္ဓါ။
(၃) ရဟန္တာ။
(၄) အဂ္ဂသာဝက။
(၅) အမိ။
(၆) အဘ။
(၇) ရဟန်း သံဃာ အသက်, သိက္ခာ, ဂုဏ်ဝါ ကြီးမှု အလေးအမြတ်ပြုအပ်သောသူ။
(၈) အတတ်ပညာသင်ပေးသောဆရာ။
(၉) တရားသဘော ဟောပြောဘူးသူ။
(၁၀) တစုံတခုသောဝတ္ထုပေးဘူး, ကျွေးဘူးသောသူ။

ဤသည်ကား····မပြစ်မှားထိုက်သောခင်ပွန်းကြီး ဆယ် ပါးတို့ပေတည်း။

ခင်ပွန်းကြီးဆယ်ပါး ပြစ်မှားသူများ ခံစားရမယ့် ဒဏ်ကြီးဆယ်ပါးကား….

(၁) အသွေး,အသား ခန်းခြောက်ဆုတ်ယုတ်အောင် ဖျားနာခြင်းစသော ဝေဒနာ အဖြာဖြာတို့ ကြမ်းကြုတ်စွာနှိပ်စက်ခံရခြင်းတပါး။
(၂) မျက်စေ့, နား, နှာ, လျှာ, ခြေ, လက်, စသည်များစွာ ကိုယ်အင်္ဂါတို့ပျက်စီးရခြင်းတပါး။
(၃) သည်းမခံနိုင်အောင် လေးလံလှစွာ နူနာ, အိုင်းနာ, အသမာ စသောအနာရောဂါတို့ စွဲကပ်ခြင်းတပါး။
(၄) စိတ်ပြန့်လွင့်ခြင်း, ရူးသွပ်ခြင်း စသောဝေဒနာတို့ဖြစ်ရခြင်းတပါး။
(၅) မင်းတို့ကြောင့် ရာထူးမှ လျှောကျခြင်း၊ ပစ္စည်းဓန မရကုန်ပျက် အသက်သေဆုံးရခြင်းတပါး။
(၆) မဟုတ်မမှန် လုပ်ကြံခါ ကြမ်းကြုတ်စွာ စွပ်စွဲ ခံရခြင်းတပါး။
(၇) အားကိုးရာ, အားကိုးကြောင်း ဆွေမျိုးကောင်းတို့ သေကြေပျက်ပြား ရပ်တပါးသို့လွင့်ပါးရခြင်းတပါး။
(၈) စည်းစိမ်ဥစ္စာ ရတနာ အဝဝ အစစ ယိုယွင်းပြုန်းတီး ပျက်စီးရခြင်း တပါး။
(၉) ပကတိ မီးသော်၎င်း၊ လောင်မီးသော်၎င်း ပြစ်မှားသောသူ၏ အိမ်တို့ကို လောင်းကျွမ်းခံရခြင်းတပါး။

## (၁၀) ခန္ဓာပျက်ကြွေ သေသည့်ကာလ နောင်ဘဝ၌ အပါယ်ငရဲသို့ ကျရောက်ရခြင်းတပါး။

ဤသည်ကား…. မပြစ်မှားအပ်, မပြစ်မှားထိုက်သော ခင်ပွန်းကြီး ဆယ်ပါးကို ပြစ်မှားသူများ ခံစားရမယ့် ဒဏ်ကြီး ဆယ်ပါးတို့ပါပေတည်း။

ဗုဒ္ဓဘာသာ မည်သညာနှင့် ခေါ်ခါဝေါ်ခါ နေကြရှာသော မြန်မာပြည်ကြီးမှာ၊ ယခုအခါ ခင်ပွန်းကြီး ဆယ်ပါး ပြစ်မှား၍ ဒဏ်ကြီး ဆယ်ပါးကြောင့် ပျက်ပြားရတာတွေ များလှပေပြီ၊ သို့ပင်လျှင် များပြားစွာ ပျက်ပြားကြသော်လဲ "ငါတို့ဟာ ဘာတွေပြစ်မှားလို့ တာလောက် ပျက်စီးရသလဲ"ဆိုတာ မစဉ်းစားကြပါဘူး။

အထူးအားဖြင့် (သတိ) မိဘ အပေါ်မှာ စေတနာ ဘယ်မျှလောက် သွားတယ်, မသွားတယ်ကို သတိပြု၊ ယခု သိလိမ့်မယ်။

ကျွေးဘူး,ပေးဘူးသော သူများကို ဘယ်မျှလောက် အကောက်ကြံတယ်,မကြံတယ်ဆိုတာ သတိပြု၊ယခုသိလိမ့်မယ်။

ချေးဘူး,ငှားဘူးသော သူများကို ဘယ်မျှလောက် အကောက်ကြံတယ်, မကြံတယ်ဆိုတာ-သတိပြု၊ ယခုသိလိမ့်မယ်။

(သတိ)အတတ်ပညာ သင်ပေးသောဆရာတို့ကို နောက်က သင်ခဲ့တာတွေ မေ့ကြောဆဲ့ပြီးတော့"ဘာအလိုမရှိ,ညာအလိုမရှိ"သပိတ်မှောက်, အိပ်မှောက်နဲ့ စိတ်နောက်သလို

အထင်ပိုပြီး အမြင်အိုအောင် ဆရာသမိတ်မှောက်တာတွေလဲ၊ တော်တော်ကြာ ပုလိပ်အောက် ရောက်ကုန်မှာကိုလဲ သတိပြု။

(၁) လောကခြေထိုး၊ အမျိုးမျိုး၊အကျိုးယုတ်လှပြီ။
(၂) မယုတ်ကြရန်၊ ဓမ္မခန်၊ အမှန်ပြခဲ့ပြီ။
(၃) ဒဏ်ကြီးဆယ်ပါး၊ ကြောက်သူအား အများချမ်းသာမည်။

ထိုမှတဖြာ မွေးမာတာနှင့် ပိတာဘခင် ကျေးဇူးရှင်တို့အား ကျွေးမွေးခြင်း အဖြာဖြာ ပြုကြပါလျှင် ခုဘဝမှာပင် နတ်သိကြားတို့က မထပ်မနား အလေးပြု၍ ဆေးကုရကြောင်း ကောင်းကောင်းကြီး ရှုကြရန် သုဝဏ္ဏသျှံ ဇာတ်တော်၌....

ယော မာတရံ ပိတရံဝါ၊
မစ္စော ဓမ္မေန ပေါသတိ။
ဒေဝါပိ နံ တိကိစ္ဆန္တိ၊
မာတာပေတ္တိဘရံ နရံ။ ။

ဘောဒ္ဓေ၊ မိဘကျေးဇူး ဂုဏ်အထူးကို ကြည်နူးလိုငြား အို....လူများတို့။ ယောမစ္စော၊ အကြင်သူသည်။ ဝါ၊ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ မာတရံဝါ၊ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်က ဝါးဖတ်တော် ခဆီနှစ်ဖြင့် လူဖြစ်အောင်မွေး ဝစ္စာကျွေး၍ မွေးမြူခဲ့သော မွေးသမိခင် ကျေးဇူးရှင်ကိုဎင်း။ ပိတရံဝါ၊ ငယ်စဉ်တောင်ကျေး အကလေးက ယုယပိုက်ထွေး ဝစ္စာကျွေး၍ မွေးမြူခဲ့သော မွေးသ

ဘခင် ကျေးဇူးရှင်ကိုဂုဏ်။ မမွေနု၊ တရားသဖြင့် ။ဝါ၊ တရား အားလျော်စွာ။ ပေါသတိ၊ ရှိသေမြတ်လေး အတုံ့ပေး၍ ကျွေးမွေးမပြတ်ကျေးဇူးဆပ်၏။မာတာပေတ္တိဘရံ၊ငယ်စဉ် တောင်ကျေး အကလေးက ယုယပိုက်ထွေး ဝစွာကျွေး၍ မွေးမြူခဲ့သောအမိ,အဘတို့ကို ရှိသေမြတ်လေးအတုံ့ပေးခါ ကျွေးမွေးခဲ့ပါသော။နံ-နရံ၊ ထိုသူကို။ ဒေဝါပိ၊ နတ်တို့သည် လည်း။ ဝါ၊ ဒေဝါဣန္ဒ သက္ကပြဟ္မာ နတ်တာကာသောင်း ပြောင်း နတ်အပေါင်းတို့သည်လည်း။ တိကိစ္စန္တိ၊ ဆေးဝါး ဖိုဖို ကုသကြလေကုန်တော့ သတည်း။

သာဓု,သာဓု,သာဓု။

[အမိပွါယ်မှာ သိလောက်ပါပြီ။]

လူတို့မှာကား မဆိုထားနှင့် ရဟန်းတော်များပင် ကျွေး မွေးထိုက်ကြောင်း ကောင်းကောင်းကြီး သိကြရန် တဖန်ပြ တော်မူလိုသောကြောင့်....

သာဝတ္ထိပြည်ဂါမ ဓနဉစ္စာ လယ်ယာမိုယ်း,မြေ,ရွှေ,ငွေ စပါး လွန်ပေါများတဲ့ သူဋ္ဌေးသားတယောက်သည် ရဟန်း အဖြစ်သို့ ရောက်ခဲ့လေ၏၊ ဝတ္ထိတ-ဟု အမည်တွင်၏၊ ထို ဝတ္ထိတ ရဟန်းသည် အရည်တောမှီ ကျင့်ဝသီရှိပါ၍ တော ကျောင်း၌နေ ဝိဟာရမှာ ဖြာဖြာတရားတဆယ့်နှစ်နှစ် ကြာ အောင်ပင် ပွားများခါအားထုတ်ပါသော်လည်း''မဂ်,ဖိုလ် မရအချည်းနှီးသာဖြစ်လေပြီ''ဟုစဉ်းစားပြီးနေလေရာ များ မကြာမီ မယ်တော်,ခမည်းတော် သူဋ္ဌေးကျော်တို့လဲဘဲ၊ ထို သားပုတ္တရဟန်းဘဝရောက်သည်ကစ၍ဓနဉစ္စာလယ်,ယာ,

မိုယ်း,မြေ,ထွေထွေပစ္စည်းအသီးသီးအဖြာဖြာကုန်ဆုံးသွားကြပါသဖြင့် ခွက်လက်ဆွဲခါ သူတကာ့အိမ် အချိန်မရွေး တောင်းရမ်းခါအသက်မွေးရရှာတယ်။

ထိုအကြောင်းစကား-သားရဟန်း ကြားလေသော်"ငါ၏ မယ်တော်,ခမည်းတော်တို့သည် အတိဒုက္ခ အလွန်ပင် ဆင်းရဲ၍ နေကြပါကလား"ဟု စိတ်လက်ပူဆာ မချမ်းမသာ ဖြစ်ပြီးသကာလ ဝိဟာရတောကျောင်းမှ သဘောပြောင်းခါ သက်န်းကိုချွတ် လူဝတ်ကိုလဲပြီး ကျွေးလေ, မွေးလေမှ တော်တော့မယ်-လို့ အသွယ်သွယ် မစဉ်းစားရှာဘဲ မိဘတို့ထံ ခပ်မြန်မြန် သွားရှာတယ်တဲ့။

အဲ....၎ကဲ့သို့ သွားလေရာ ဇေတဝန်ကျောင်းတိုက်တာသို့ ရောက်တာနှင့်တပြိုင်နက် ရုတ်တရက် မိဘတို့ထံ မသွားရှာသေးဘဲ "ယနေ့ည ဘုရားထံ တရားဓမ္မခံနာပြီးမှ ငါ သွားတော့မယ်"လို့ တရားတော်များ သွားရောက်နာကြားရှာတယ်၊ ထိုအခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလဲ မိဘတို့ ကျေးဇူးဂုဏ်အထူးကို ကြည်နူးစွာ ဟောကြားတော်မူသည့်အခိုက် ကြုံကြိုက်၍နေသဖြင့်"မိဘတို့အား ရဟန်းများပင် ကျွေးမွေးထိုက်ကြောင်း"ကောင်းကောင်းကြီး သိခဲ့ရာ ဝမ်းမြောက်ဝမ်းသာနှင့် "ငါသည်.... ဘုရားကျောင်းတော်ခွင် မဝင်ဘဲသာ မိဘထံသွားခဲ့ပါလျှင် သက်န်းကိုချွတ် လူဝတ်ကိုသာလဲမိတော့မှာဘဲ၊ ယခုမှာကား....သက်န်းဝတ်နှင့် ပင်လျှင် မိခင်,ဘခင် ကျေးဇူးရှင်တို့အား အဝတ်အစားပေးခါ ကျွေးမွေးရပါတော့မယ်"လို့ ကြည်ဖြူစွာစိတ်ထားပြီး ကျေးဇူးရှင်မိဘနှစ်ပါးတို့ထံ ခပ်မြန်မြန်သွားရှာသတဲ့။

အဲ····ဤကဲ့သို့ သွားရာတွင် မိဘတို့ဖြစ်အင် ကိုယ်တိုင် ပင်မြင်ရ၍ ရင်ဝမှာ လှံမနှင့်ထိုးသလိုပြင်းစွာသောက သည်း ထန်လှသဖြင့် "မိဘတို့ကျေးဇူး အထူးပင်ဆပ်လေမှ တော် တော့မယ်" လို့···သပိတ်ကိုဆွဲ မြို့ထဲသို့ ဆွမ်းရပ်တော် မူရှာတယ်။

ဤကဲ့သို့ ဆွမ်းအာဟာရ ရလာသည့်အခါမှာ အမိ နှင့် အဘ မျှတစွာ ကျွေးပြီးမှ ကြွင်းလေသည့်အကျန် အကပ်ခံ၍ ဘုဉ်းပေးတော် မူရှာတယ်၊ တခါတလေမှာ မိဘသာစားရလို့ ကိုယ်တော်မှာမစားရပါ၊ တခါတရံမှာ တော့ နှစ်ခါပြန်ပြီးသကာလ ဆွမ်းခံရှာတယ်။

ဤကဲ့သို့နေ့ လများစွာ မစားရတချက်, စားရတချက်နှင့် ပင် မိခင်,ဘခင်တို့အား ကျွေးမွေးခါ ရှင်ရဟန်းမှာ သည်းခံ တော်မူရှာသတဲ့၊သို့စဉ်ပင်ကျေးဇူးရှင်တို့အား၊အဝတ်ကိုပေး အစားကို ကျွေးရသဖြင့် (ဦးဝဏ္ဏိတ)ရဟန်းမှာ "သက်နိုး ကလဲ အစုတ်အနုတ်, အစားကလဲ တလုပ် တဆုပ်" ဆိုတာလို ဖြစ်နေရာအတွင်း ကံဇာတာဆိုးပုံ ကြုံလာတဲ့ အခင်းကတော့- ဘုရားထံတော်ပါးသို့ ဂုံးစကား ရဟန်း တပါးက လျှောက်ထားသည်မှာ····

"သုံးလူ့ထွဋ်ထား ရှင်တော်မြတ်ဘုရား···ရဟန်းတပါး သည် နေ့တိုင်းထိုထို အဘိုးအို,အမယ်အိုတို့အား အဝတ် ကိုပေး, အစားကို ကျွေးပြီးတော့ နေပါတယ်၊ ဤကဲ့သို့ ကျွေးမွေးခါ ထားခြင်းမှာ သာသနာနှင့် မထိုက်တန်ပါ၊ ဒါယကာ, ဒါယိကာမများ သဒ္ဓါတရား ပျက်ပြားကြ ပါလိမ့်မယ်ဘုရား"လို့····မြတ်စွာဘုရားအားလျှောက်ထား လေတယ်။

မြတ်စွာဘုရားသည်''ထိုရဟန်းအား ရှေ့တော်သို့ လာရောက်ရန် ခပ်မြန်မြန်ခေါ်ချေ''....ဟု လျှောက်ထားလာသော ရဟန်းအား စေခိုင်းလိုက်ရာ မျှားမကြာမီရောက်လာသဖြင့် မထောက်မကြာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက အဘိုးအို, အမယ်အိုတို့ကို ကျွေးမွေးသော ဦးဝဏ္ဏိတကိုယ်တော်အား ''ချစ်သား...ဝဏ္ဏိတရဟန်း- အဝတ်ကိုပေးပြီး အစားကိုကျွေးသော အမယ်အို,အဘိုးအိုတို့မှာ သင်ရဟန်းနှင့် ဘာများတော်စပ်ပါသလဲ''လို့ မေးလေလျှင်....

''ငယ်စဉ်တောင်ကျေး အကလေးက ယုယပိုက်ထွေး ဝစွာကျွေး၍မွေးမြူခဲ့သောမွေးသမိခင်,မွေးသဘခင်ကျေးဇူးရှင်ဖြစ်တဲ့ မယ်တော်, ခမည်းတော်ကြီးတွေပါ ဘုရား'လို့ ရိုသေစွာ လျှောက်ထားရှာတယ်။

ထိုလျှောက်ထားသော ရဟန်း၏စကား....မြတ်ဘုရားကြီးသည်နှင့် တပြိုင်နက် ဆက်လက်ခါ သုံးကြိမ် ပွားပြီး သာဓုများခေါ်ပါကြောင်းကိုကောင်းကောင်းကြီး သိကြရန် တဖန်ပြတော်မူလိုသောကြောင့်....

အထ•ဿ သတ္ထာ သာဓု,သာဓု,သာဓူတိ တိက္ခတ္တုံ၊ သာဓုကာရံ ဒတွာ တွံ မယာ ဂတမဂ္ဂေ ဋ္ဌိတော၊ အဟံပိ ပုဗ္ဗစရိယံ စရန္တော မာတာပိတရော ပေါသေမိ။

[သုဝဏ္ဏသာမဇာတ်တော်။]

ဘောန္တော၊ မိဘကျေးဇူး ဂုဏ်အထူးကို ကြည်နူးလိုလားအိုး...လူအများတို့။အထ၊ထိုရဟန်းအားမေးပြီးသောကာလ ၌သမယန္ဒ။ အဿ၊ ထိုရဟန်းအား။ သတ္ထာ၊ သစ္စာလေးဝ

ဥဒေ ယျငါးဖြာ မြတ်ဓမ္မာကို ဆရာမရှိ ပကတိအလိုလို ကိုယ်တော်တိုင်သာ သိမြင်မှတ်သား မြတ်ဘုရားသည်။ သာဓု, သာဓု,သာဓုတိ၊သာဓု,သာဓု,သာဓု-ဟူ၍။တိက္ခတ္တုံ၊သုံးကြိမ် သုံးခါတိုင်တိုင်။ သာဓုကာရံ။ကောင်းချီးကို။ ဒတွာ၊ပေး၍။ တွံ၊ သင်ချစ်သားသည်။တွံ၊မိဘကျေးဇူး ဂုဏ်အထူးကို ကြည်နူးဆပ်ပြု ဝဏ္ဏိတ-ဟုနာမကျော်ကြူး သင်ရဟန်းထူးသည်။ မယာ၊ငါဘုရား၏။ဂတမဂ္ဂေ၊သွားလာကျင့်ရန် လမ်းကောင်း လမ်းမှန်၌။ဌိတော၊ စင်စစ်မသွေ တည်ပါပေ၏။ အဟံပိ၊ ငါဘုရားသည်လည်း။ ပုဗ္ဗစရိယံ၊ ရှေးရှေးသော အရိယာ အလောင်း သူတော်ကောင်းတို့၏ သွား,လာကျင့်ရန် လမ်းကောင်း,လမ်းမှန်ကို။စရန္တော၊အကြောင်းရှာချင့်၊ကောင်းစွာကျင့်လျက်။ မာတာပိတရော၊မိခင်,ဘခင် ကျေးဇူးရှင်တို့ကို။ ပေါသေမိ၊ မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးဂုဏ်ပေါင်း ညှက်ဖြင့်လောင်း၍ စုပေါင်းခါခါ ကျွေးမွေးခဲ့ပါပေတော့သတည်း။

သာဓု, သာဓု, သာဓု,။

(ဉယျောဇဉ် ဒေသနာ ဆက်လိုကြပါလျှင် နောက်က အတိုင်းဆက်ပါ။)

ဤသို့ ပြဆိုခဲ့ပြီးသည်ကား··လူများသာကျွေးမွေးထိုက်, ကျွေးမွေးအပ်သည်မဟုတ်ပါ၊ ရဟန်းတော်များပင် ကျွေးမွေးထိုက်ကြောင်းကို ပြဆိုတဲ့ တရားတော်ကြီး ဖြစ်ပါတယ်၊ ဒါ့ကြောင့်-ယခုအခါ ရဟန်းတော်များကမယ်တော်,ခမည်းတော်များအား ကျွေးမွေး ပေးကမ်းကြတာ မြင်ကြပါလျှင် လူများက ပြောကြ, ဆိုကြ, ကဲ့ရဲ့ကြတာက "ဒီ-ပုဂ္ဂိုလ်

ဟာ…အမေ့ကျွေးရ,အဘေကျွေးရ, အမေအဘေကျွေးရ, မွေးရတာနဲ့ဘဲ ကျောင်းမှာ ကျန်တော့မှာ မဟုတ်တော့ပါဘူး”လို့ပြောတတ်ကြပါတယ်၊အဲဒီလို..လူများကပြောကြ, ဆိုကြ,ကဲ့ရဲ့ကြမှာတွေ စိုးရိမ်ပြီး မယ်တော်, ခမည်းတော်များကို မပေးဝံ့,မကျွေးဝံ့ဘဲနေကြတဲ့ ပုဂ္ဂိုလ်တွေလဲဘဲ ရှိပေမှာပေါ့၊မိဘကျွေးမွေးတဲ့ ကုသိုလ်ဟာ မြတ်စွာဘုရားသော်မှ သာခု-သုံးကြိမ် ခေါ်တယ်ဆိုတာ-ဗုဒ္ဓဘာသာမှန်သမျှသိကြပါတယ်၊ ကဲ့ရဲ့စရာမလို ချီးမွမ်းဘွယ်ရာသာပိုဘို့ရာ ရှိပါတယ်၊ဘုရားဟောကျမ်းဂန် လမ်းမှန်တွေသိရှိနေတဲ့ ရဟန်းတော်များဟာ,ဘုရား,တရား အသိနည်းပါးတဲ့ လူများက ကဲ့ရဲ့ကြတာကို ကြောက်စရာ မလိုပါဘူး၊ အထူးအားဖြင့် ကိုယ်ကတရားပျက်မှသာ ကြောက်စရာ ကောင်းပါတယ်။

ဒါ့ကြောင့်-ရဟန်း,ရှင်,လူ၊ခပ်သိမ်းသူတို့၊ကြည်ဖြူသိကြ၊ သတိရလော့၊မိဘနှစ်ဖြာ၊ဂုဏ်နန္တာကို၊ ဥစ္စာများပေး၊ဝစ္စာကျွေး၍၊ရေအေး,ရေပူ၊ကိုယ်တိုင်ယူလျက်၊ချီးမူကချီး၊အမျိုးမျိုးနင်း၊အမျိုးမျိုးနှိပ်၊ မိဘစိတ်တွေ၊ ချမ်းသာလေအောင်၊ သားတွေသမီး၊ လိမ္မာကြီးစို့၊သုံးနည်း,စွဲနည်း၊ ရှေးကနည်းကို၊ ပုံမှီးစံယူ၊ ဟန်နမူနှင့်၊ဉာဏ်ကူသုံးမှ၊ ချမ်းသာ ရလိမ့်၊ ခုမှအများ၊လူမျိုးခြားသို့၊ဝတ်စားဆင်ယင်၊ကိုယ်လုံးမြင်ဘို့၊ တိုချင်,ပါး,ကြပ်၊မမြင်အပ်သည့်၊သားမြတ်ကိုဖေါ်၊မလျော်ဘူး၊တော်ကြဦးတော့၊ အထူးကာမ၊ တဏှာပွ၍၊ရာဂဘီလူး၊ အမိုက်ပူးလျက်၊မိုက်ရူးရဲတွေ၊များလှပေပြီ၊ လူတွေ ပျက်ဘို့၊ အကြောင်းသော၀။

မပျက်ဘို့ရာ၊မွေးမာတာနှင့်၊ ပိတာဘခင်၊ကျေးဇူးရှင်က၊ သွန်သင်ပြလော၊ လောကလူများ၊ ဘီလူးလားသို့၊ အမှား

ကိုမှန်၊ အမှန်ကိုမှား၊ကျင့်ဖေါက်ပြားလျက်၊ မယားကမှား၊ လင်ကမှား၍၊ ယောကျ်ားတဖန်၊ သေကြောင်းကြံက၊ တဖန် မိန်းမ၊ သေရွာရ၏၊ ကာမဘီလူး၊ လူတွေပူးတာ၊ လက်သယ်ရွာ တော့၊ ဝတ်တာကဆန်း၊ စားတာရမ်းလျက်၊ မြွေမှန်း တာက၊ တဏှာကြွတို့၊ ကာမဆိုးမိုက်၊ အချောင်နှိုက်သည်၊ မိလိုက်ဘသာ၊ ပျက်ဘို့သော၀်။

မိမိုက်,ဘမိုက်၊ သမီးမိုက်နှင့်၊ သားမိုက်တူနေ၊ များလှ ပေ၍၊ ခုနေကစ၊ သတိရဘို့၊ ဓမ္မဖြာဖြာ၊ ပြခဲ့ပါ၏၊ မာတာ ပိတာ၊ သူတို့စ၍၊ မိုက်ကြသည့်ပုံ၊ ပြောမကုန်ဘူး၊ ဆန့်,စုံ အောက်ထက်၊ အပျော်ဘက်သို့၊ သွက်သွက်ခါအောင်၊ တွေ့ မရှောင်ဘဲ၊ ဇာတ်နောင်ဓာတ်ရှင်၊ ဆန်းတာမြင်က၊ ရှင်ရှင် ပြုံးပြုံး၊ တအုံးအုံးနှင့်၊ ပျော်လုံး,မော်လုံး၊ ပျော်မဆုံးပြီ၊ တော် အုံးသင်တို့ သနားလို့။

တော်အုံးကိုမျှ၊ မပြောရသည့်၊ဓမ္မပြန့်ပြော၊ မြို့ဂန့်ဂေါ နှင့်၊ ပေါက်,ယောမြို့ပါ၊ ရောက်ခဲ့ရာတွင်၊ ပညာရှေ့ထား၊ ကျောင်းသူများနှင့်၊ ကျောင်းသားစံယူ၊ဟန်နမူက၊ မာန်ဟူ သမျှ၊မရှိကြဘဲ၊ ဓမ္မသဘင်၊ အကျင့်မြင်ဘို့၊သွန်သင်ချော့နေ၊ ဦးကြော့ဖေနှင့်၊ထွေထွေညာဏ်သွား၊ ဆရာများပါ၊ ညီညွတ် စွာဖြင့်၊သာယာပါလှ၊ဆရာမတို့၊သင်ပြကျောင်းမှာ၊ဟောခဲ့ ရာတွင်၊လိုတာမရှိ၊ ပိုတာရှိ၍၊ ကိုယ်၏ကျင့်ဝတ်၊ မချွတ်မလွဲ၊ အမြဲတစေ၊ တည်ကြပေသည်၊ ဓမ္မပျော်တဲ့ ရှုံးရှိကို၀်။

ရှုံးရှိပြန့်ပြော၊ တဖန်ရောတော့၊ ဂန့်ဂေါကျောင်းအုပ်၊ ဆရာလုပ်သည့်၊အုပ်ချုပ်ရေးထူး၊ဦးတင်ဦးနှင့်၊ကြည်နူးစရာ၊ မေးခဲ့ပါသော်၊ ပျော်ရာပျော်မှု၊ ပျော်ပါးမှုနှင့်၊ မော်မှု,

ကြွားမှု၊မရှိမှုကြောင့်၊ယခုဆရာ၊ မြင်ပြီးပါပြီ၊ ပညာ ဒါ့ကြောင့် ထွန်းသကိုဝ်။

ပညာထွန်းလို၊ ဂုဏ်ထူးလိုက၊ ပျို့အိုများစွာ၊ သိရှိပါလော၊ ပျော်ရာဓာတ်ရှင်၊ ဇာတ်သဘင်နှင့်၊ ရပ်တွင်ပျော်ပွဲ၊ စိတ်မစွဲဘဲ၊စာထဲပေထဲ၊အံ့ကြိတ်ခဲလျက်၊စွဲမြဲထပ်ထပ်၊အာရုံတတ်ဘို့၊အမြတ်ကိုမြှော်၊ဇာတ်မပျော်ဘဲ၊ ဓာတ်ဇပျော်ဟူက၊ ပယ်ရှားကြစို့၊ကျနသချာ၊ မပယ်ပါလျှင်၊ ဘယ်ရွာ,ဘယ်မြို့၊ခဲမတို့နဲ့၊မွဲဘို့,ကွဲဘို့၊အကုန်ချိုပြီး၊ဆုန်ဆို့အနာ၊ ရင်ကျပ်နာနှင့်၊ အနာအဆိုး၊အမျိုးမျိုးကြောင့်၊ဆေးထိုး,ဆေးစား၊ ငွေကုန်များတော့၊တရားမဘက်၊အမှားကွက်မည်၊ မှားချက်လက်စ မဆုံးသောဝ်။

ဤသည်ကား····မိဘတို့အပေါ် ကျေးဇူးမြှော်ပြီး ပူဇော်သက္ကာရ ကျွေးမွေးကြဘို့ ဓမ္မထွေထွေ ပြခဲ့ပေပြီ၊ မိတွေ့, ဘတွေ့, လင်တွေ့, မယားတွေ့ရဲ့ ဝတ္တရားငါးပါးကို အတိုအားဖြင့် ပြဆိုရဦးမှာပေါ့။

[မိဘဝတ္တရား-ငါးပါး။]

မကောင်းမြစ်တား၊ကောင်းရာညွှန်လတ်၊အတတ်သင်စေ၊ ပေးဝေနိုးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ဘခင်,မယ်တို့တာ။

[သား,သမီး ဝတ္တရား-ငါးပါး။]

ကျွေးမွေးမပျက်၊ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ် သားတို့တာ။

[လင့်ဝတ္တရား-ငါးပါး။]

မထေမဲ့ကင်း၊ အပ်နှင်းဉစ္စာ၊ မိစ္ဆာမမှား၊ ဝတ်
စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

[မယားဝတ္တရား-ငါးပါး။]

အိမ်တွင်မှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်
ရှောင်၊ လျှော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊
အိမ်သူ ကျင့်အပ်စွာ။

၌သို့ပြဆိုခဲ့သော ဝတ္တရားတို့တွင် မယားအတွက်,လင့်အတွက် ဆက်လက်ပြီး ပြဆိုရမယ့် သဘောကတော့··"ပုတ္တ-ဒါရဿသင်္ဂဟော"ဆိုတဲ့ မင်္ဂလာကို ဟောကြားခဲ့ပါတယ်။

ဒါ့ကြောင့်- "လင်ကို ပြုစု၊ မယားကို ယုယ၊ မိဘကို ကျွေးမွေး၊ နတ်လူကြိုက်တဲ့ဆေး" လို့···· ပညာရှိတွေက မင်္ဂလာ အခဏ်းတွေ စာတန်းဲ့ပေ သကိုး၊ အဲဒီစာအရ "မိဘကိုကျွေးမွေး"ဆိုတာကတော့····ပြခဲ့ပါပြီ။

"လင်ကိုပြုစု,မယားကိုယုယ"ဆိုတာ ဘာ့ကြောင့်-ဘယ်လို ပြုစုရတယ်၊ ဘာ့ကြောင့်-ဘယ်လိုယုယ ရတယ်ဆိုတာ ပြရဦးမှာပေါ့။

လင်ကိုပြုစုရတယ်-ဆိုတဲ့ အဓိပ္ပါယ်အရ····

ဘာ့ကြောင့်-လင်ယောကျ်ားကို ရိုရိုသေသေ လေးလေးစားစား အထူးဂရုစိုက်ခါ ပြုစုရပါသလဲ-ဆိုတော့····သား, သမီး, သားမယား တအိမ်လုံးစားဘို့ရာ ဝတ်ဘို့ရာ တအိမ်လုံးရဲ့ ဝန်တာ နှံ့နာအောင် ကြိုးဆောင်ပြီး ရှာရတာ ယောကျ်ားများကသာ များပါတယ်၊ ခေတ်ပျက်, ခေတ်ကောင်း အကြောင်းမရွေး စက်သေနတ်တော, ပုံးတော,

အမြောက်တော, ဘာတော,ညာတော, အမျိုးမျိုး တော တွေထဲမှာ အသက်ကိုစွန့်ပြီးတော့ ရှာခဲ့ရတာ ယောကျ်ား တွေကသာ များပါတယ်။

ဒါကြောင့်-"ကြက်မတွန်လို့ မိုယ်းမလင်းဘူး၊ ကြက်ဖ တွန်မှ မိုယ်းလင်းတယ်" လို့ ရှေးရှေးက ပြောကြတာဟာ၊ မိန်းမလုပ်လို့,ကိုင်လို့၊သူဌေးဖြစ်, မင်းဖြစ်, ကြီးကြီးကျယ် ကျယ် အသွယ်သွယ် မဖြစ်ထွန်း နိုင်ဘူး၊ ယောကျ်ားများ ကသာ သူဌေးဖြစ်, မင်းဖြစ်, ကြီးကြီး ကျယ်ကျယ် အသွယ် သွယ် ဖြစ်ထွန်းအောင်ကြိုးဆောင်ပြီးတော့-လုပ်နိုင်,ကိုင်နိုင်, ရှာနိုင်, ဖွေနိုင်တယ်-ဆိုတဲ့ အဓိပ္ပါယ်သွားကို ရှေးစကားက ဆိုခဲ့တာပေါ့၊ အဝေးရပ်ရွာ သွားစရာ,လာစရာ,ရှာစရာရှိ သောအခါ မိန်းမများမှာသွားလို့,လာလို့,ပြေးလို့,လွှား လို့ မလျော်ပါသဖြင့် အရာရာ ခရီးမရောက်နိုင်ဘူးဆိုတာ- သိရပါတယ်၊ သွားစရာ,လာစရာ, ရှာစရာ, ခရီးသွားစရာ ရှိကြတဲ့အခါ သွားစရာက ယောကျ်ားတို့ တာဝန်ဆိုတော့- အကယ်၍သာ လမ်းခရီးမှာ သေစရာများ ရှိထားလျှင် ယောကျ်ားများသာ သေရမှာပေါ့။

ဒါ့ကြောင့်- တအိမ်လုံးတို့ရဲ့ ခေါင်းဆောင် ဖြစ်သော လင်ယောကျ်ားကို ရိုရိုသေသေ လေးလေးစားစား အား ထားပြီးတော့ ပြုစုကြရမယ်၊ လင်ယောကျ်ားကို ရိုသေတယ် ဆိုတာ-ရက်စရာမထင်ပါနဲ့၊ လင်ယောကျ်ားကို ရိုသေခြင်း၊ အမျိုးအမျိုး ရှိခိုးကန်တော့ပြီးအိပ်ရခြင်း၊ထမင်းစားရာ ရေ အသင့်, ထမင်းဟင်းအသင့်, လဘက်ရည်အသင့်,လက်သုတ် ပုဝါအသင့်, အဲဒီလိုအဆင်သင့် ရှိလေအောင် ကြိုးဆောင် ပြီး ရိုရိုသေသေ လေးလေးစားစား ပြုစုခါ နေကြတာကို

မြင်ကြလျှင် အချို့မိန်းမများကပြောကြပုံမှာ''ဩော်....ဒီမိန်းမနှယ်..လင်ကိုရိုသေလိုက်ရတာ-ကျွန်ကျလို့၊မိန်းမဈေးပျက်လိုက်တာလို့ပြောတဲ့မိန်းမတွေလဲနဲတယ်မထင်နဲ့ဗျို့၊ ဒီအပြောမျိုး, သဘောမျိုး, အလွဲမျိုးကတော့ ငရဲအိုးနဲ့ ရေစစ်တွေ ပြုပြီးလို့သာ မှတ်ပါတော့၊ ကျွန်မနဲ့တူတဲ့မယားမျိုးဟာ အဘိုးတန်ပါကလားလို့....မသိရှာလို့ပြောတာကိုး၊ ''သာသနာဆိုတာ ပါဠိလိုဖြစ်တယ်၊ မြန်မာလိုဆိုတော့ ကိုယ်ကျင့်တရားပါဘဲ''။

ဒါ့ကြောင့်--လင်ယောက်ျားကို ရိုသေစွာအရာရာ ပြုစုခြင်းကို လင်သဘောကျအောင် လုပ်ရတာမျိုးလို့မထင်ပါနဲ့၊မိန်းမတို့ရဲ့..ကိုယ်ကျင့်တရားတည်းဟူသော သာသနာဆိုတာဒါပေါ့၊(ဓမ္မတာမထင်နဲ့သာသနာပင်)လင်ယောက်ျားကိုရိုသေစွာပြုစုရတယ်၊ ရှိခိုးကန်တော့ရတယ်၊ အိပ်ရာဝင်လျှင် ရှိခိုးကန်တော့ပြီးမှ အိပ်ရတယ်၊ လင်မယားရယ်လို့ အခေါ်နဲ့ ပျော်တာကတမျိုး၊ ရိုသေစွာရှိခိုးကန်တော့ပြီး အိပ်တာကတဖြာ၊ရှက်စရာမထင်ကြနဲ့ဗျို့..(အိမ်တွင်းသာသနာ)ဆိုတာ တာတွေဘဲ၊ဘုရားဟောဒေသနာကလင်ကို ရိုသေတာ- ရှက်စရာ မဟုတ်ပါဘူးတဲ့၊ နတ်အပေါင်းတို့၏ရှုချင်ဘွယ် အလွန်လျှင် တင့်တယ်တဲ့ မနာပကာယိကအမည်ရှိသော နတ်သမီးမျိုးတွေ ဖြစ်စေနိုင်တယ်။

ဒါ့ကြောင့်-အင်္ဂုတ္တရနိပါတ် အဋ္ဌကထာတို့ရဲ့ဥပေါသထဝဂ်မှာ..

(၁) ယော နံ ဘရတိ သဗ္ဗဒါ၊
နိစ္စံ အာတာပိ ဥဿုကော။
တံ သဗ္ဗကာမဒံ, ပေါသံ၊
ဘတ္တာရံ နာတိမညတိ။

(၂) နစာပိ သောတ္တိ ဘတ္တာရံ၊
ဗ္ဗသာဝါဒေန ရောသယေ။
ဘတ္တုစ ဂရုနော သဗ္ဗေ၊
ပဋိပူဇေတိ ပဏ္ဍိတာ။

(၃) ဥဋ္ဌာယိကာ အနလသာ၊
သင်္ဂဟိတပရိဇနာ။
ဘတ္တု မနာပံ စရတိ၊
သမ္ဘတံ အနုရက္ခတိ။

(၄) ယာ ဧဝံ ဝတ္တတိ နာရီ၊
ဘတ္တု ဆန္ဒဝသာနုဂါ။
မနာပကာယိကာ ဒေဝါ၊
ယတ္ထ သာ ဥပပဇ္ဇတိ။

ဟူ၍ ဟောကြားတော်မူခဲ့ပါတယ်။

၁။ အာတာပိ၊ ကိလေသာကို ပူပန် စေတတ်သော လုံ့လရှိသော။ ဥဿုကော၊အားထုတ်လေ့ရှိသော။ ယော- ဘတ္တု၊အကြင်လင်ယောကျ်ားသည်။နံ၊ထိုမယားကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ နိစ္စံ၊ အမြဲ။ ဘရတိ၊ မွေးမြူ၏။ သဗ္ဗကာမဒံ၊ အလုံးစုံသောအလိုကို ပေးတတ်သော။ ပေါသံ၊ ယောကျ်ား ဖြစ်သော။ ဘတ္တာရံ၊ လင်ကို။ နာတိမညတိ၊ မထေမဲ့မြင် မ အောက်မေ့ရာ။

၂။ ပဏ္ဍိတာ၊ ပညာရှိသော။ သောတ္တိ၊ ကောင်းသော မိန်းမသည်။ဘတ္တာရံ၊ လင်ကို။ ဗ္ဗသာဝါဒေန၊ ပြူစူသော စကားဖြင့်။နစာပိရောသယေ၊မချုပ်ချယ်ရာ။ ဘတ္တု၊ လင်၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ဂရုနော၊ အလေးအမြတ် ပြုအပ်သော ရဟန်း,ပုဏ္ဏား,မိဘများတို့ကို။ ပဋိပူဇေတိ၊ ပူဇော်လေ၏။

၃။ ဥဋ္ဌာယိကာ၊ ထကြွလုံ့လ ဝီရိယရှိ၏။ အနလသာ၊ ပျင်းရိခြင်းမရှိ။ သင်္ဂဟိတ ပရိဇနာ၊ သင်္ဂြိုဟ်ချီးမြှောက် အပ်သော လင်၏အဆွေအမျိုး, မိမိအဆွေအမျိုးတည်းဟူသော ပရိသတ်ရှိ၏။ဘတ္တု၊လင်၏။မနာပံ၊ နှစ်သက်ဘွယ်ကို။စရတိ၊ ကျင့်တတ်၏။သမ္ဘတံ၊လင်သည် ဆည်းပူးအပ်သောဥစ္စာကို။ ဝါ၊ လင်ရှာမှီး စုဆောင်း၍ ထားအပ်သောဥစ္စာကို။အနုရက္ခတိ၊ အစဉ်စောင့်ရှောက်၏။

၄။ ဘတ္တု၊ လင်၏။ ဆန္ဒဝသာနုဂါ၊ အလိုသို့ အစဉ်လိုက်သော။ယာနာရီ၊အကြင်မိန်းမသည်။ဧဝံ၊ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဝတ္တတိ၊ မမှားမသွေ ကျင့်ပါပေ၏။ သာနာရီ၊ထိုမိန်းမသည်။ယတ္ထ၊အကြင်ဘုံ၌။ မနာပကာယိကာ၊နှစ်သက်ဘွယ်ဖြစ်သော ကိုယ်ရှိသည်၏ အဖြစ်ကြောင့် မနာပကာယိက အမည်ရှိကုန်သော။ ဒေဝါ၊ နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တတ္ထ၊ ထိုဘုံ၌။ ဥပပဇ္ဇတိ၊ မုချမသွေ ဖြစ်ရပေ၏။ ဥပပဇ္ဇတိ၊ လင်ကိုပြုစုရိုသေမှုနှင့် စုစုဥစ္စာ စောင့်ထိန်းလာသော ပညာဓမ္မ သဘာဝကြောင့် မနာပကာယိက-ဆိုတဲ့ နတ်သမီးတွေ ဖြစ်ရလေတော့သတည်း။

[အဓိပ္ပါယ်မှာသိလောက်ပါပြီ၊ကိုယ်ကျင့်ရမယ့်ဝတ္တရားတွေသာကျင့်ပါလေ။]

မင်္ဂလာ ရှိပါစေ-ဆိုတဲ့ စာကို ဂေဟာမှာကပ်ရုံနဲ့တော့·· မင်္ဂလာက လာမှာမဟုတ်ဘူးနော်၊မိန်းမတို့ ကိုယ်ကျင့်တရား

မမှားအောင်ကျင့်ဘို့ရာ အရေးကြီးပါတယ်၊ကိုယ်ကျင့်တရား မမှားလျှင် မင်္ဂလာတရား အရှိသားဘဲ၊ လာပါလိမ့်မယ်။

ဒါ့ကြောင့်-တအိမ်လုံးရဲ့ ခေါင်းဆောင် ဖြစ်သော လင်ယောကျ်ားကို အားထားပြီး ရိုသေစွာပြုစုကြပါ၊ ချစ်သမီးတို့····လို့၊ ဘုရားက ဟောကြားတော်မူခဲ့ပါတယ်၊အဓိပ္ပါယ်အကျယ် နောက်ပိုင်းမှာ ကြည့်ရှုပါ၊ လင်ကိုပြုစုဆိုတဲ့ အဓိပ္ပါယ် အကျယ်ကိုပြပြီးပါပြီ၊ သို့သော်····မိန်းမများသည် လင်ယောကျ်ားအတွက် ဆက်လက်ပြီး သကာလ တဖြေးဖြေး ဉာဏ်နှင့်တွေးကြည့်လျှင် များစွာပင် လင်ယောကျ်ား၏ ကျေးဇူးတွေ မြင်လာပါလိမ့်မယ်၊ မြင်ပါစေသတည်း၊ မြင်ပါစေသောဝ်။

မယားကို ယုယ-ဆိုတာ ပြရဦးမှာပေါ့····

ဘာ့ကြောင့် သားမယားကို ယုယုယယ အထူးဂရုစိုက်ကြရပါလဲ၊ လင်နှင့်မယား ကာမဂုဏ် ခံစားကြတာကတော့····အတူတူ ဖြစ်လေရာ သေတတ်တဲ့ ကိုယ်ဝန်ကို ယူရတာကတော့····မိန်းမက ယူရရှာတယ်၊ ကိုးလတိုင်တိုင် လွယ်ပြီးတော့-ဆယ်လကျမှ ဘွားမြင်ရရှာတယ်၊ ကိုယ်ဝန်ဆောင်မိန်းမဆိုတာ- တနေ့သုံးခါ သချိုင်းကို မျက်စောင်းထိုးတယ်····လို့၊ရှေးစကားတွေကြားဘူးပေတယ်၊အကယ်၍ ဆိုလျှင် လင်နှင့်မယား ကာမဂုဏ်ခံစားကြတာက အတူတူ၊ ကိုယ်ဝန်ကို တဝက်စီယူဘို့ရာ မကောင်းပါလား၊ ခြေဉ်···· ဓမ္မတာတရားကိုကမှ မိန်းမက ယူရတဲ့ ကိစ္စမျိုးကိုး၊ အဲဒီလို မယားကသာ သေတတ်တဲ့ ကိုယ်ဝန်ကို ယူရသဖြင့် ရှက်စရာ ပေမယ့်-မရှက်နိုင်တော့ဘူး၊ ကြောက်စရာကောင်း ပေမယ့်

လို့ မကြောက်နိုင်တော့ဘူးပေါ့၊ ဓမ္မတာရဲ့အထူးဆိုတော့ အရူးလို လူးကာ,လှိမ့်ကာ ခံရရှာတယ်။

အဲဒီ····ကိုယ်ဝန်ဆောင်ဒုက္ခမှတဖန် မွေးဘွားရာကျပြန်တော့၊မဘွားနိုင်လို့ ဆေးရုံကိုသွားရပြန်၊ တဖန် ဆေးရုံမှာ မဖြစ်တော့ ဘာဘဲဖြစ်ဖြစ်···· ဖြစ်သလိုလုပ်ရပြန်၊ အတန်တန် ကြံလို့မှမရတော့····ကလေးရော, လူကြီးရော သေ၊ ဒါ့ကြောင့်- ''ယောက်ျားဖေါင်စီး၊ မိန်းမမီးနေ'' လို့ ဆိုကြတာကိုး၊ ဝါးဖေါင်,သစ်ဖေါင်စီးကြတဲ့ လူများမှာ ယခုကောင်းပေမယ့်-တော်တော်နေဖေါင်ပျက်ရင်ရှင်ရာကသေဘို့ရာ လွန်စွာမြန်လို့မို့''ယောက်ျားဖေါင်စီး''လို့ဆိုကြတာ၊ မိန်းမများမှာလဲ မီးနေတုန်းအခါ မာပါတယ်ဆိုပေမယ့်-တော်တော်နေ ချက်ခြင်းပင်သွေးသားပြောင်းပြီး အလောင်းဖြစ်တတ်ထာကလား၊ အို··ယောက်ျားတို့၊ အဲဒါတွေကြောင့် မယားကို ယုယုယယ အထူးဂရုစိုက်ကြ ချစ်သားတို့····လို့၊ဘုရားက ဟောကြားတော် မူခဲ့ပါတယ်၊ ကိုးလလွယ်ပြီး ဆယ်လမှာ ကျမ္မာစွာနှင့် ဘွားမြင်ပြန်ပါတော့လဲ ''မီးယပ်ဆိုတာ ကြက်တမြှိုက်''ဆိုတဲ့ ရှေးစကား အတိုင်းရိုင်းရိုင်းပြောရလျှင် နေ့မြင်,ညပျောက် သေပေါက်က အတော်နီးတာပေါ့၊ မသေလို့ရှိပြန်ရာ တလ,နှစ်လကြာတော့ ယုန်နာ, ကျင်နာ, မီးယပ်နာကြောင့် လက်ကလဲ မကိုင်နိုင်၊ ခြေထောက်ကလဲ မသယ်နိုင်၊ ထမင်း,ဟင်းကိုလဲ မစားနိုင်၊ လင်ရှာရတဲ့အကျိုး အမျိုးမျိုးကိုင်ပြီး တမှိုင်မှိုင် မီးယပ်ကျိုး အမျိုးမျိုးဒုက္ခတွေဖြိုင်ပြီး ''ကံကြီးမှဆန်သီး'' ဆိုတဲ့ ရှေးစကားလိုမသေသော်မှ ဒုက္ခိတ အနာ-အကျိုး အမျိုးမျိုး ခံကြရရှာတယ်။

ဒါ့ကြောင့်-မယားကိုယုယုယယဂရုစိုက်ကြ ချစ်သားတို့‥လို့၊ ဘုရားက ဟောကြားတော်မူခဲ့ပါတယ်၊ သားမယားကို ဂရုစိုက်ရတယ်-ဆိုတာ သားမယားက ပိုပြီးတော့ ချစ်ခင်အောင်,သားမယားက အထူးအားဖြင့် သဘောကျအောင် မဟုတ်ပါ၊လင်ယောကျ်ားတို့ပြုကျင့်ရမယ့်ဝတ္တရား တည်းဟူသော ကိုယ်ကျင့် သာသနာမို့လို့ ဂရုစိုက်ရပါတယ်၊ (အိမ်တွင်းသာသနာ)ဆိုတာ တာတွေပါဘဲ၊ လင့်ဝတ္တရားငါးပါးထဲမှာ“မထေမဲ့ကင်း”ဆိုတာပါသားဘဲ၊မြတ်နိုးကြင်ဆိုတာလဲ အပါသားဘဲ၊ သားမယားကို မထေလေးစား, မထေမဲ့မြင် မလုပ်ကြဘဲ၊လေးလေးစားစား ကြင်ကြင်နာနာ အထူးပင် ဂရုစိုက်ကြမှသာ ဗုဒ္ဓဘာသာလို့ခေါ်ဆိုရပေမယ်၊ပေပေတေတေနဲ့ သားမယားတွေ မှိုလိုပေါက်အောင် ရှာနေကြတဲ့ လူတွေကိုတော့ မပြောလို, မဆိုလိုဘူးပေါ့။

အထူးအားဖြင့် သားမယားက ဒုက္ခိတ အနာဖြစ်နေတဲ့ အခါ အချိုးဆရာတို့က မသနားတဲ့ပြင် မယားငယ် မြင်ပြီး မယားငယ် များသော်မှ ရှာတတ်ကြသေးတယ်၊ (အံ့ဩဘွယ်)သား,မယားအပေါ်မှာ၊ဘယ်မျှလောက်သနားစရာကောင်းတယ်-ဆိုတာ လူမှန်က သိထိုက်ကြပါပြီ၊ ကိုးလလွယ်,ဆယ်လဘွားတဲ့ ကလေးများကိုကော-ဘယ်သူက ပွေ့ခါ ဘက်ခါ ဂရုစိုက်ရပါသလဲ၊ယောကျ်ား ကလား, မိန်းမကလား စဉ်းစားပြီး ကြည့်တော့ခါ မိန်းမကဘဲ ဂရုစိုက်ရရှာပါတယ်၊ ယောကျ်ားနဲ့မိန်းမ ကာမဂုဏ် ခံစားကြ တာကတော့အတူတူ၊သေတတ်တဲ့ ကိုယ်ဝန်ယူရတာကတော့မိန်းမ။

အဲဒါလို‥ကလေးရဲ့ဒုက္ခချီး,သေး,ကစပြီး ဖွပ်ရ,လျှော်ရ, သုတ်သင်ရ, ဆေးကြောရ, ထိန်းသိမ်းရတာ တနှစ်, နှစ်နှစ်

မက သုံးနှစ်လောက်ကြာအောင် ဒုက္ခအနှောင်တွေကို မိန်းမ ကသာ ခံနေရရှာသောကြောင့် သား,မယားကို ယုယုယယ ကြင်ကြင်နာနာ အထူးပင်ဂရုစိုက်ကြပါ··လို့၊ဘုရားရှင် ကိုယ် တော်မြတ်ကြီးက ဟောကြားတော် မူခဲ့ပါတယ်၊ ဒီကလေး တယောက်အတွက် မိခင်မှာ အသက် မသေပါ သေ်လဲ နောက်ကလေးမွေးဘွားပြန်တော့ခါ အသေလွတ်မှာပါ···· လို့၊သိနိုင်,မြင်နိုင်, ဟောနိုင်,ပြောနိုင်ကြမှာလား အို····လူ များတို့၊ ဒါ့ကြောင့်-နောက်ကလေးတယောက် ဘွားမြောက် ပြန်တော့လဲ မိခင်မှာ ကြောက်ရရှာပြန်သေးတယ်၊ နောက် ကလေးတယောက် မွေးဘွားပြန်တော့ကော- သေချာစွာ မိဘမှာ ချမ်းသာမယ်··လို့-ဟောပြော နိုင်မှာလား၊မဟော ပြော နိုင်ဘူးပေါ့၊ကိုယ်ဝန်ဆောင်မကင်းသမျှ ကြောက်ကြ ရတဲ့ မိန်းမဘဝတွေဖြစ်ကြရပေသကိုး။

အလို··"ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်"ဆိုတာ လို ··ဘယ်သူ့ကိုအရေးလုပ်ရမှာလဲ၊ ငါ့မယားငါပိုင်တယ်၊ ဘယ်သူကပိုင်တယ်ပြောမှာလဲ၊ပြောဝံ့သူပြောစမ်းကွ(ဘာ) ရယ် နားလယ်လား၊ ငါရိုက်ချင် ရိုက်မှာဘဲ၊ ဆဲချင်ဆဲမှာဘဲ၊ ဆိုချင်လဲ ဆိုမှာဘဲ၊ ကဲဘာဖြစ်သေးသလဲ·· လို့·သားမယား ကိုရိုက်နှက်ရင်အရပ်ကမြင်တော့မှတ်တမ်းတင်ထားပြီးဒီလို ယောကျ်ားကို အပိုမထားဘဲ ဂျိုကြား နှက်လို့ သေတဲ့ ယောကျ်ားတွေများလှပေပြီ၊ သတိထားကြပါ၊သား,မယား ကိုမနှိပ်စက်ပါနဲ့၊ နှိပ်စက်ရင်ဘုရားလဲ မကြိုက်ဘူး၊နတ်လဲ မကြိုက်ဘူး၊ အရပ်ကလဲ မကြိုက်ဘူး။

သား,မယားကို ယုယုယယ ဂရုစိုက်ကြတာ မြင်ကြပါ လျှင် အချို့သောသူများက"ဒီလူဟာ သား,မယားကို ယုယု

ယယ အတော်ဂရုစိုက်တဲ့လူဘဲ၊ သူ့အတွက်နဲ့ ယောကျ်ား တွေ ဈေးပျက်ကုန်ပါလိမ့်မယ်''လို့ ပြောတတ်, ဆိုတတ် ကြပါတယ်၊ အဲဒီအပြောမျိုးဟာ ဘုရားဟော ဒေသနာနဲ့ သေချာစွာ မတည့်တဲ့ အပြောမျိုးဘဲ....လို့သာ မှတ်ကြပါ တော့၊ လင့်ဝတ္တရား ငါးပါးထဲမှာ''မထေမဲ့ကင်း''ဆိုတာ, ''မြတ်နိုးကြင်''ဆိုတာတွေသိလောက်ပေပြီ၊သား,မယားကို ယုယုယယ ဂရုစိုက်ထားဟာ ယောကျ်ားဈေး မပျက်ဘဲ၊ ယောကျ်ားဈေးတက်ပြီး အေးဘက်နိဗ္ဗာန်အရောက်မြန်နိုင် တာပေါ့၊ ဒါ့ကြောင့်-ဆရာတော်ကြီးများက ဟောကြသည် မှာ ခန္ဓာကိုယ်ကြီးမှာ ဝတ်ဆင်ထားတာ (ဥပမာ) ဘာဝ နာ- ဆိုတဲ့ တရားက အထက်ကဝတ်တဲ့ အဝတ်နဲ့ တူပါ တယ်၊ အိမ်တွင်းတူနေ လင်, မယားတတွေ၊သား, သမီး တွေ ကျင့်ရမယ့် မယားကျင့်ဝတ် လင့်ကျင့်ဝတ်၊သား, သမီး ကျင့်ဝတ်တွေကတော့-ခန္ဓာကိုယ်မှာအောက်ပိုင်းကဝတ်ဆင် တဲ့ အဝတ်နဲ့တူပါတယ်၊အထက်ကဝတ်တဲ့ ပုဝါတို့,ခေါင်း ပေါင်းတို့, အင်္ကျီတို့ ဆိုတာ အကယ်၍ မပါနဲ့အုံးတော့- တော်ပါသေးတယ်၊ အောက်ကဝတ်ဆင်တဲ့ပုဆိုး, ထမိမပါ ရင် ဆင်ခြင် ကြည့်တော့လေ....ဘာတွေ ဖြစ်ကုန်မလဲ၊ ခွေး ဟောင်မခံရပေဘူးလား အို....လူများတို့။

''အထက်ဟာ နေပါအုံး၊အောက်ဟာလုံအောင်ဖုံး''

ဒီ-ဥပမာစကား ထောက်ထားသောအားဖြင့် အောက် ကဝတ်ဆင်တဲ့ အဝတ်နဲ့တူတဲ့ လင့်ကျင့်ဝတ်၊ မယားကျင့် ဝတ်၊ သား,သမီးကျင့်ဝတ်တွေ မပျက်ပြားအောင် ကျင့် ဆောင်ဝတ်ဆင်ပြီးတော့-အထက်က ဝတ်ဆင်တဲ့ အဝတ်နဲ့

တူတဲ့ ဘာဝနာ-တည်းဟူသော ဝိပဿနာ-ပုဝါ,အင်္ကျီတို့ကို ဝတ်ဆင်ကြပါလျှင် သာလို့ပင်ကောင်းလိမ့်မယ်လို့....ဆရာတော်ကြီးများက ဟောပြောကြပါတယ်။

ကိုယ်ကျင့်တရားပျက် ပြားကြပါလျှင် မိန်းမက ကမ္ဗဋ္ဌာန်းတရားထိုင်၊ယောက်ျားက တမှိုင်မှိုင်နဲ့ အိမ်ကနေဆဲ၊ ကဲ...ကမ္ဗဋ္ဌာန်းပေါက်နိုင်ပါမလား ..စဉ်းစားတော့၊ယောက်ျားဥပုသ်စောင့်သွား၊မယားက နွားတွေ အငတ်ထား၊"နင့်နွားနင်ကျွေး၊ ငါမကျွေးနိုင်ဘူး" လို့...မိန်းမကအရွဲ့ပြော၊ ဒီ-ဥပုသ်သဘော ဘယ်မျှောမယ်ဆိုတာ- စဉ်းစားကြည့်၊ ဒါ့ကြောင့်-လင့်ဝတ်,မယားဝတ်မချွတ်စေရအောင်ကျင့်ဆောင်ဘို့ရာ အရေးကြီးပါတယ်။

ဝတ္တရားတွေ သိရှိနေတော့ခါ ဘာဘဲ လုပ်လုပ် လင်ရော, မယားပါ ညီညွတ်တော့တာပေါ့၊လင့်ဝတ္တရား,မယားဝတ္တရားတည်းဟူသော အောက်ဟာလုံအောင် ဖုံးပြီးမှသာဘာဝနာ-တည်းဟူသောအထက်ဟာဖုံးကြပါ၊အထက်ဟာတက် အောက်ဟာက သာလို့ပင်အရေးကြီးပါတယ်။

သား,မယားကို ကျွေးကြ,မွေးကြ,ကျွေးမွေးပြီးသကာလကြင်ကြင်နာနာ ယုယုယယ ဂရုစိုက်ကြတာလဲ ကုသိုလ်ပါဘဲ၊ ဗုဒ္ဓါသက္က မာဃခေါ်သွင်း သိကြားမင်းသည် သုဓမ္မာသဘင် ဆင်ယင်ကျင်းပဘို့ရာ နတ်ရထားပေါ် မာတလိခေါ်ပြီး ထွက်ခါနီး ရထားပေါ်မတက်ခင်မှာ အောက်သို့မျက်နှာလှည့်ပြီး ရှိခိုးကန်တော့လိုက်ရာ၊မာတလိဒေဝါက အရှင်သိကြားမင်း....ဘယ်သူ့ကိုရှိခိုးခြင်းပြုပါသလဲ၊သိကြားမင်း၏ရှိခိုးခြင်းကို ခံနိုင်တဲ့သူများ ရှိကြပါသလား....လို့ မာတလိနတ်သားက လျှောက်ထားရှာတယ်။

အဲ-ဒီလို လျှောက်ထားချက် အရ…သိကြားမင်းက ပြသည်မှာ….

ယေ ဂဟဋ္ဌာ ပုညကရာ၊
သီလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တိ၊
တေ နမဿာမိ မာတလိ။ ။

မာတလိ၊ ကုသိုလ်ကောင်းခြင်း အကြောင်းရင်းကြောင့် ပေါင်းသင်းလာဘိ မာတလိ၊ ဂဟဋ္ဌာ၊ သားမယားနှင့် ပျော်ပါးစံရာ အိမ်ဂေဟာ၌ ညီညာဖြိုဖြို နေထိုင်ကြကုန်သော။ ယေ၊ အကြင်ပုဂ္ဂိုလ် လူထိုထိုတို့သည်။ ပုညကရာ၊ ရှိခိုးခြင်းအစရှိသော ကောင်းမှု အစုစု အဖုံဖုံ ပြုကျင့် အားထုတ်ကြပေကုန်၏။ သီလဝန္တော၊ ငါးပါး,ရှစ်ပါး, ဆယ်ပါးစသည် အလီလီ ပဋိပတ် သီလတည်းဟူသော အကျင့်မြတ်တွေ ရှိကြပါပေ၏။ ဥပါသကာ၊ ရတနာသုံးရပ်မြတ်ထက်မြတ်ကို ဆည်းကပ် ကိုးကွယ်ကြပေကုန်၏။ ဓမ္မေန၊ တရားသဖြင့်၊ ဝါ၊ တရားနှင့်လျော်စွာ။ ဒါရံ၊ သမီး,သားအပေါင်းနှင့် ဇနီးမယားကောင်းကို။ ပေါသေန္တိ၊ ဝတ်စား,ငွေကြေး မပြတ်ပေး၍ ကျွေးမွေးကြပေကုန်၏။ မာတလိ၊ ကုသိုလ်ကောင်းခြင်း အကြောင်းရင်းကြောင့် ပေါင်းသင်းလာဘိ မာတလိ။ တေ၊ ထိုပြဆိုခဲ့ပြီး အသီးသီး အဖုံဖုံ အကြောင်းစုံ တို့ကြောင့်။ အဟံ၊ စာတုမဟာ,ဝတိံသာနှင့် ယာမာပိုင်နင်း ငါ သိကြားမင်းသည်။ နမဿာမိ၊ ကြည်ဆွဲမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့လိုက်ရပါပေသတည်း။

သာ,ဓုသာဓု,သာဓု။

သဘာဝအလို အမိပွါယ်ဆိုရလျှင်….

အချင်းမာတလိနတ်သား….လူတွေ နေထိုင်တဲ့ လူ့ပြေမှာ ရှိကြတဲ့ လူတွေဟာ ရှိခိုးခြင်း, ပူဇော်ခြင်းမှစ၍ ဒါန, သီလ, ဘာဝနာ အဖြာဖြာ ပုညကုသလတို့ကိုလဲ ပြုကြပါတယ်၊ ငါးပါး,ရှစ်ပါး,ဆယ်ပါး စသည် အလီလီ ပငိုပတ်သီလတည်း ဟူသော အကျင့်မြတ်တွေကိုလဲ ပြုကျင့် အားထုတ် အလုပ် လုပ်ကြပါတယ်၊ ဘုရား,တရား,သံဃာ,ဆရာ,မိဘ အနန္တောအနန္တ-တို့ကိုလဲ ဆည်းကပ် ကိုးကွယ် ကြပါတယ်၊(သတိ) သား,မယားတို့ကိုလဲ တရားသဖြင့် ရှာမှီးပြီးသကာလ ကျွေးမွေးကြပါတယ်။

ဒါ့ကြောင့်-စာတုမဟာ,ဝတိံသာနှင့် ယာမာပိုင်နင်း ငါသိကြားမင်းသည် လူ့ပြည်လူသား လူအများတို့ကို ဝပ်တွားမြတ်နိုးလက်စုံမိုး၍ရှိခိုးကန်တော့လိုက်ရ ပါပေသတည်း။

"ဩော်….လူ့ပြည်လူသား အလကား..မဟုတ်ပါဘဲကလား၊ သိကြားမင်းရဲ့ ရှိခိုးဦးခိုက်ခြင်းကိုပင် ခံနိုင်ကြတဲ့ လူတွေပါကလား"လို့ မာတလိနတ်သားကချီးမွမ်းခါ ပြောရှာတယ်၊အဲဒီ-အမိပ္ပါယ်ထဲမှာ သား,မယားများကို တရားသဖြင့်ရှာမှီးပြီးတော့ကျွေးမွေးရတာ သိကြားမင်းရဲ့ရှိခိုးခြင်းကိုပင် ခံရတဲ့ ကုသိုလ်မျိုးတွေ ပါကလား-လို့ သတိထားပြီး အသိများခါ သား,မယားတို့အား လေးလေးစားစား ကြင်ကြင်နာနာ ယုယုယယ ဂရုစိုက်ထိုက်ကြောင်း တရားပေါင်းတွေ စုံလင်ပေပြီ၊ ဒါပေမယ့်- ကြင်ကြင်နာနာ ယုယုယယ အထူးပင် ဂရုစိုက်ကြလို့ ဟောပြောတာနဲ့ နေရာမြင်တိုင်းကိုလဲ အလိုလိုက်ပြီး ဂရုမစိုက်ကြနဲ့အုံးနော်…. အပျော်

အပျော်နဲ့ တော်တော်နေ သား, မယားတွေ ကာမ ဂုဏ်ဇော အာရုံပြောပြီး ဒလဟောကိုယ်မြင်ဘိုရာ"တို,ပါး, ကြွပ်"တွေ ဝတ်ဆင်လို့ ပေးကြပါလျှင် ကိုယ်တယောက်ထဲ မြင်ရုံနဲ့ အေးနေလျှင်တော့-တော်ပါသေးရဲ့ သူများထံတဖန် သွားပြီး ပူနေရင်တော့ အခက်ပေါ့။

မခက်ရတော့ဘူးလေ .... ဒါတွေနဲ့ အသက်သေရတဲ့ ယောကျာ်းတွေ, မိန်းမတွေ မြန်မာပြေ များပြားလှပေပြီ။

(ဇုန္နာသတ္တ-ဩဝါဒ။)

ဒါ့ကြောင့်....

၁။ ကိုယ့်လင်ကလွဲ၊ ဖွဲ့ဆန်ကွဲ၊ အမြဲရှောင်လေ၊ မိန်းမ တွေ၊ မသွေမုချ၊ နေ့စဥ်ပ၊ ဒုက္ခပျောက်ကွယ်၊ ချမ်း သာမယ်။

၂။ ကိုယ့်မယားမှ၊ တခြားပ၊ ကြောက်လန့်ကြကွယ်၊ ချမ်းသာမယ်။

၃။ ကိုယ့်မယားပြင်၊ တခြားမြင် ချစ်ခင်ရာဂ၊ ပယ်ဖျောက် ကြ၊ မုချတကယ်၊ ချမ်းသာမယ်။

၄။ လင်နှင့်မယား၊ ကျင့်ဖေါက်ပြား၊ သနားလှတယ်၊ မွဲတော့မယ်။

၅။ မယားကလွဲ၊ လင်ကလွဲ၊ ပျော်ပွဲပျော်ရွှင်၊ မယား လင်၊ ချစ်ခင်မမြဲ၊ ကွဲလိမ့်မယ်။

၆။ မယားကဇိမ်၊ လင်ကဇိမ်၊ နေအိမ် ကင်းပျောက်၊ ဒုက္ခရောက်၊ သဘောက် ကျွန်စော်နံ လိမ့်မယ်။

၇။ ပျော်မဆုံးဇိမ်၊ မော်လုံးဇိမ်၊ ဂိန်ဂိန်ခွေးလို၊ ဖြစ်လိမ့် မယ်။

၈။ မယားကသုံး၊ လင်ကဖြုန်း၊ နောက်ဆုံးကြွေးတင်၊ မယားလင်၊ ချစ်ခင်မမြဲ၊ ကွဲလိမ့်မယ်။

၉။ မယား မယား၊ အဖြုန်းများ၊ ယောက်ျား နွားစော်နံလိမ့်မယ်။

၁၀။ မယားသုံးတာ၊ လိုက်လျောရှာ၊ လင်မှာခွေးဖြစ်၊ တွေးစီစစ်၊ အမြစ်တကယ်၊ ပြုတ်လိမ့်မယ်။

၁၁။ ဝတ်မီး, စားမီး၊ ဝါကြွားမီး၊ ပျော်မီးလောင်မှာ၊ ကြောက်စမ်းပါ၊ ချမ်းသာပါလိမ့်မယ်။

၁၂။ အဝတ်,အစား၊ ဆန်းတာများ၊ ရှောင်ရှားပယ်ခွါ၊ ရိုးရိုးသာ၊ ဝတ်ထာစားမှု၊ ဆင်ခြင်ပြု၊ ယခုသူဌေး ဖြစ်လိမ့်မယ်။

၁၃။ အပြောချမ်းသာ၊ ရှက်စမ်းပါ၊ အဟုတ်ချမ်းသာ၊ ပြုစမ်းဗျာ။

၁၄။ အပြောချမ်းသာ၊ ရှက်စမ်းဗျာ၊ အဟုတ်ချမ်းသာ၊ တက်လမ်းရှာ။

၁၅။ တရုပ်လိုရှာ၊ ကုလားလိုစု၊ ဆန်းတာတွေ မတုနဲ့၊ ပုသွားမယ်။

၁၆။ ဝတ်မှု,စားမှု၊ လူများစု၊ သုံးမှုဖြာဖြာ၊ စဉ်းစားပါ၊ များရာဆိုတိုင်း၊ မလုပ်နဲ့၊ မဟုတ်ပြုတ်သွားမယ်။

၁၇။ လခထုပ်ပေး၊ ကြွေးယူရေး၊ အပေးတင်မှာ၊ ကြောက်စမ်းပါ၊ ချမ်းသာပါလိမ့်မယ်။

၁၈။ ရအောင်ရှာ၊ ကုန်အောင်သုံး၊ လောကလူညွန့်တုံး။

၁၉။ မာတ်ရှင်ပွဲမီး၊ အရက်မီး၊ ဖဲမီးလောင်မှာ၊ ကြောက်စမ်းပါ၊ ချမ်းသာပါလိမ့်မယ်။

၂၀။ သား,သမီးက၊လိမ္မာလှ၊ မိဘမိုက်တာ၊ ရှက်စမ်းဗျာ၊ ချမ်းသာပါလိမ့်မယ်။

၂၁။ တိုင်းသူပြည်သား၊ ဘယ်လိုပင်မှားမှား၊ ကျွန်တော်မမှားဘူးဗျို့။

၂၂။ တိုင်းသူပြည်သား၊ ဘယ်လိုပင်မိုက်မိုက်၊ ကျွန်တော်မမိုက်ဘူးဗျို့။

၂၃။ မယားနှင့်လင်၊ သမ္မဇဉ်၊ ညက်ယှဉ်ညှိဆ၊ သတိရ၊ သိကြတော့ကွယ်၊ နောက်ကျမယ်။

၂၄။ ယောကျ်ားဟူက၊ကိုယ့်မိန်းမ၊ ဆုံးမကြကွယ်၊နောက်ကျမယ်။

၂၅။ ဇူနွာသက္က၊ ဩဝါဒ၊ လိုက်ကြတော့ကွယ်၊ ချမ်းသာမယ်။

လောကမှာ အိမ်ရာတည်ထောင် လူတို့ဘောင်၌ မရှောင်နိုင်လို့ အိမ်ထောင်ပြုကြတဲ့အခါ၊ (အိမ်တွင်းသာသနာ) အရေးကြီးပါတယ်၊ အိမ်တွင်းသာသနာ ဆိုတာ၊ လင်နှင့် မယား,သားနှင့် အမိ အသိတရား ကိုယ်ကျင့်မမှားရအောင်နေဘို့,ထိုင်ဘို့,ကျင့်ဘို့,ကြံဘို့ရာကိုအိမ်တွင်းသာသနာလို့ ခေါ်ဆိုပါတယ်။

ဒါ့ကြောင့်-လင်နှင့်မယား ကျင့်မမှားဘို့ တရားအတူးပြုရဦးမယ်။

အနာထပိဏ်သူဌေးရဲ့ချွေးမ၊ဝိသာခါ၏ညီမ၊ သုဇာတာဆိုတဲ့ သူငယ်မသည် ယောကျ်ားမ မိဘနှင့်တကွအိမ်သူ,အိမ်သား လင်ယောကျ်ားတို့ကို ကြောက်ရွံ့ခြင်း မရှိဘဲ ဆဲဆို ငေါက်ငန်း၍နေစဉ်၊ ဘုရားရှင်ကြွအလာ ကြုံကြိုက်ပါသဖြင့်“သင်သူဌေးကြီး··ဘယ်အကြောင်းကြောင့် သင်တို့

အိမ်မှာ မကြားဝံ့,မနာသာ ပူပူဆာဆာ ဆူနေကြပါသလဲ” လို့…ဘုရားရှင်က သူဌေးကြီးအား မေးမြန်းတော်မူရာသူဌေး ကြီးက“အရှင်ဘုရား…တပည့်တော်၏ ချွေးမ စိတ်ကြီးဝင် လွန်းလို့, မာနကြီးလွန်းလို့, ဘဝင်မြင့်လွန်းလို့ တပည့် တော်နှင့်တကွ သားလင်ခင်ပွန်း တအိမ်လုံး ဌွန်းပြန် အောင် ဆဲဆိုမြည်တမ်းပြီး မင်းမူခါ အလွန်သရမ်းနေပါ တယ်ဘုရား”လို့ သူဌေးကြီးက လျှောက်ထားလေရာမြတ်စွာ ဘုရားရှင်သည် သုဇာတာကိုခေါ်၍“ဟဲ့–ချစ်သမီး သုဇာ တာ….

၁။ သူသတ်နှင့်တူသောမယား။
၂။ ခိုးသူနှင့်တူသောမယား။
၃။ သခင်နှင့်တူသောမယား။
၄။ အမိနှင့်တူသောမယား။
၅။ နှစ်မနှင့်တူသောမယား။
၆။ အဆွေနှင့်တူသောမယား။
၇။ ကျွန်မနှင့်တူသောမယား။

ဟူ၍ မယားအပြား ၇-ပါး ရှိသည်တို့တွင် သင်သည် ဘယ်လိုမယားမျိုးပါလဲ”လို့မေးမြန်းတော်မူရာ သုဇာတာ သည်“အရှင်ဘုရား‥အကျဉ်းအားဖြင့်မသိနိုင်ပါ၍ အကျယ် အားဖြင့်သာ သိနိုင်အောင်ဟောကြားတော်မူပါဘုရား”လို့ တဖန်-ထပ်မံပြီး လျှောက်ထားသဖြင့် (သတ္တနိပါတ်- အင်္ဂုတ္တိုရ်ပါဠိတော် အဗျာကတဝဂ် မယားအပြား ၇-ပါး) ကို အကျယ်အားဖြင့် မြတ်စွာဘုရား ဟောကြား တော်မူခဲ့ ပါတယ်၊ ထိုပါဠိ အဓိပ္ပါယ်ကို မြန်မာလို တိုတိုသံပေါက် အကျဉ်းကောက်၍ ပြရဦးမှာပေါ့။

(မယားအပြား ၇-ပါး သံပေါက်။)

(၁) သူသတ်နှင့်တူ၊ မယားဟူ၊ မည်သူမပေါင်းလေ။
သူသတ်မယား၊ သဘောထား၊ ယောက်ျား သေပစေ။

သူသတ်မယား၊သဘောထား၊ တပါး လင်ငယ်နေ။
သူသတ်မယား၊ ငရဲသွား၊ ပါယ်လားတတေတော။
သူသတ်မိန်းမ၊ မတူရ၊ ဓမ္မအမှန်နေ။

(၂) ခိုးသူနှင့်တူ၊ မယားဟူ၊ မည်သူ မပေါင်းလေ။
ခိုးသူနှင့်တူ၊ မယားဟူ၊ ခိုးယူ သုံးတတ်ပေ။
လင်မသိအောင်၊ ပစ္စည်းဆောင်၊ ခိုးကြောင် သုံးတတ်ပေ။

ခိုးသူမယား၊ သဘောထား၊ စီးပွား ကုန်ပစေ။
ခိုးသူမယား၊ ငရဲသွား၊ ပါယ်လား တတေတော။
ခိုးသူမိန်းမ၊ မတူရ၊ ဓမ္မ အမှန်နေ။

(၃) သခင်နှင့်တူ၊ မယားဟူ၊ မည်သူ မပေါင်းလေ။
သခင်နှင့်တူ၊ မယားဟူ၊ ဆူပူ ဆဲတတ်ပေ။
သခင်မယား၊ သဘောထား၊ယောက်ျား မရှိသေ။
သခင်မယား၊ ငရဲသွား၊ ပါယ်လား တတေတော။
သခင်မိန်းမ၊ မတူရ၊ ဓမ္မ အမှန်နေ။

(၄) အမိနှင့်တူ၊ မယားဟူ၊ ကြည်ဖြူ ပေါင်းကြလေ။
သား,သမီးအလား၊ လင်ယောက်ျား၊ ချစ်အား တူလှပေ။

မိန်းမဟူက၊ သတိရ၊ မာတာ့အမေ တူပါစေ။
အမိပမာ၊ မိန်းမမှာ၊ နတ်ရွာ ရောက်ကြပေ။

(၅) နှစ်မနှင့်တူ၊ မယားဟူ၊ ကြည်ဖြူ ပေါင်းကြလေ။
မောင်ကြီးအလား၊ လင်ယောက်ျား၊ ကြောက်
အား လွန်ရှိသေ။
မိန်းမဟူက၊ သတိရ၊ နှစ်မအနေ တူပါစေ။
နှစ်မပမာ၊ မိန်းမမှာ၊ နတ်ရွာ ရောက်ကြလေ။

၆။ အဆွေနှင့်တူ၊ မယားဟူ၊ ကြည်ဖြူ ပေါင်းကြလေ။
မိတ်ဆွေအလား၊ လင်ယောက်ျား၊ ပျော်ပါး လွန်ရှိ
သေ။
မိန်းမဟူက၊ သတိရ၊မိတ္တအဆွေ တူပါစေ။

မိတ်ဆွေပမာ၊ မိန်းမမှာ၊ နတ်ရွာ ရောက်ကြလေ။

၇။ ကျွန်မနှင့်တူ၊ မယားဟူ၊ ကြည်ဖြူ ပေါင်းကြလေ။
ကျွန်မအလား၊ လင်ယောက်ျား၊ ခစား လွန်ရှိသေ။
မိန်းမဟူက၊ သတိရ၊ ကျွန်မ မသွေတူပါစေ။
ကျွန်မပမာ၊ မိန်းမမှာ၊ နတ်ရွာ ရောက်ကြလေ။

ဤသို့ မယားအပြား ၇-ပါးကို ခွဲခြားပြီးနောက် တဖန်
ကောက်၍ မယားအပြား ၇-ပါးတို့ကိုအကောင်းနှင့်အဆိုး
နှစ်မျိုးခွဲပြီးတော့ ပြလိုပြန်သောကြောင့်....

ယာစီဓ ဘရိယာ ဝဓကာတိ ဝုစ္စတိ၊
စောရာစ အယျာတိစ သာ ပဝုစ္စတိ။
ဒုဿီလရူပါ ဖရုသာ အနာဒရာ၊
ကာယဿ ဘေဒါ နိရယံ ဝဇန္တိ တာ။ ။
[သတ္တနိပါတ်အင်္ဂုတ္တိုရ်။]

ဠုမလောကေ၊ ဤလောက၌။ ယာဘရိယာ၊ အကြင်မယားကို။ ဝဓကာတိစ၊ သူသတ်မနှင့်တူသော မယားဟူ၍ဋင်း။ စောရာတိစ၊ ခိုးသူမနှင့်တူသော မယားဟူ၍ဋင်း။ အယျာတိစ၊ အရှင်သခင်မနှင့်တူသော မယားဟူ၍ဋင်း။ ဝုစ္စတိ၊ ပြောအပ်,ဆိုအပ်၏။ သာဘရိယာ၊ ထိုမယားကို။ ဒုဿီလရူပါ၊ သီလမရှိသော သဘောရှိ၏။ ဖရုသာ၊ ကြမ်းကြုတ်သော သဘောရှိ၏။အနာဒရာ၊လင်ကိုရိုသေခြင်း,တုပ်ကွခြင်း,လေးစားခြင်းတွေမရှိတော့ပေ။ဣတိ၊ဤသို့။ပဝုစ္စတိ၊ အပြားအားဖြင့်ဆိုအပ်၏။တာဘရိယာယော၊ထိုဆိုအပ်ခဲ့ပြီးသော မယားအပြား သုံးပါးတို့သည်။ ကာယဿ၊ ကိုယ်အင်္ဂါ၏။ ဘေဒါ၊ သေကြေပျက်စီးသည်မှ။ ပရံ၊ နောက်ကာလ၌။ နိရယံ၊အပါယ်ငရဲသို့။ဝဇန္တိ၊မုချမသွေ ရောက်ရ,လားရလေကုန်၏။

ဤသို့ သူသတ်နှင့် တူသော မယား၊ ခိုးသူနှင့် တူသော မယား၊ အရှင်သခင်နှင့် တူသော မယား၊ သုံးပါးတို့သည် အပါယ်ငရဲသို့ သွားရ, လားရပါတယ်၊ ကျန်သောမယားအပြားလေးပါးတို့သည် ချမ်းသာပန်းပွင့် အမြင့်စခန်းသုဂတိဆိုတဲ့ ဘုံအထက်တန်းသို့ တက်လှမ်း ရသည့် အကြောင်းကောင်းကောင်းကြီး သိကြရန် တဖန် ပြတော် မူလိုသောကြောင့်....

ယာစီဓ မာတာ ဘဂိနီ သခီတိစ၊
ဒါသီစ ဘရိယာတိစ သာ ပဝုစ္စတိ။
သီလေ ဋ္ဌိတတ္တာ စိရရက္ခသံဝုတာ၊
ကာယဿ ဘေဒါ သုဂတိံ ဝဇန္တိ တာ။ ။

[သတ္တနိပါတ် အင်္ဂုတ္တိုရ်။]

ဣဓလောကေ၊ ဤလောက၌။ ယာဘရိယာ၊ အကြင် မယားကို။ မာတာတိစ၊ အမိနှင့်တူသော မယားဟူ၍၎င်း။ ဘဂိနီတိစ၊ နှမနှင့်တူသော မယားဟူ၍၎င်း။ သခီတိစ၊ အဆွေခင်ပွန်းမနှင့် တူသော မယားဟူ၍၎င်း။ဒါသီ ဘရိယာတိစ၊ကျွန်မနှင့်တူသော မယားဟူ၍၎င်း။ ဝုစ္စတိ၊ပြောဆိုအပ်၏။ သာဘရိယာ၊ထိုမယားကို။ သီလေ၊သီလ၌။ ဌိတတ္တာ၊ တည်သော သဘောရှိ၏။ စိရရတ္တသံဝုတာ၊ ကြာမြင့်စွာ နေ့,ညဉ့် တို့ကာလပတ်လုံး စောင့်ရှောက် တတ်၏။ ဣတိ၊ ဤသို့။ ပဝုစ္စတိ၊ ပြောဆိုအပ်၏။ တာဘရိယာယော၊ ထိုဆိုအပ်ခဲ့ပြီးသော မယားအပြား လေးပါးတို့သည်။ ကာယဿ၊ ကိုယ်အင်္ဂါ၏။ ဘေဒါ၊သေကြေပျက်စီးသည်မှ။ ပရံ၊ နောက်ကာလ၌။သုဂတိံ၊ချမ်းသာတုမရှိ သုဂတိသို့။ ဝဇန္တိ၊ မထောက်မသွေ သွားရ,လားရလေကုန်တော့သတည်း။

ဤသို့ အမိနှင့်တူသောမယား၊ နှမနှင့်တူသောမယား၊ အဆွေနှင့်တူသောမယား၊ ကျွန်မနှင့်တူသောမယား၊ လေးပါးတို့သည် ကောင်းမြတ်သော မယားလေးပါးဖြစ်၍ နတ်ရွာသုဂတိသို့ တုမရှိ ခံစားရပါတယ်၊ဤသို့ မယားအပြား ၇—ပါးတို့နှင့်တကွ အကောင်းနှင့် အဆိုး အမျိုးမျိုး ဝေဖန်ပြီးဟောပြရာ သုဇာတာသည် “အရှင်ဘုရား····အဇ္ဇတဂ္ဂေ၊ ယနေ့ကိုအစပြု၍။ပါဏုပေတံ၊ အသက်ထက်ဆုံး ကျွန်မနှင့်တူသော မယားမျိုး ဖြစ်ပြီ-ဟူ၍ မှတ်တော်မူပါဘုရား”လို့ ရှိသေလေးမြတ်စွာလျှောက်ထားရှာတယ်။

ယခုအခါ သုဇာတာရဲ့ထုံး နှလုံးထားပြီး သကာလ မိန်းမများမှာ သူသတ်နှင့်တူသောမယား၊ခိုးသူနှင့်တူသော

မယားၤသခင်နှင့်တူသောမယား၊ ဒီ-မယားသုံးမျိုးရဲ့အကျင့်တွေ ပယ်ရှားပြီးတော့-အမိနှင့် တူသော မယား၊ နှစ်မနှင့်တူသောမယား၊ အဆွေနှင့် တူသောမယား၊ ကျွန်မနှင့်တူသောမယား၊ဒီ-မယား လေးမျိုးတို့၏ အကျင့်များကို မမှားအောင် ကြံဆောင်ပြီးကျင့်နိုင်,ကြံနိုင်ကြပါစေကုန်သတည်း။

လင်နှင့်မယား၊သားနှင့်အမိ၊မိဘ္ပါယ်သိ၍၊ကျင့်ဘိများစွာ၊ လွှန်ချမ်းသာသည်၊ ဇာနန္ဒာသဏ္ဍ မေတ္တာကိုဝ်။

ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု၊
ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

အိမ်တွင်းသာသနာ-ပြီးဆုံးပါပြီ။

စာရေးဆရာ ဇာနန္ဒာသဏ္ဍ။

# ကုသိုလ်ရှင်များ

အိမ်တွင်း သာသနာ စာအုပ် မထုတ်မီကပင် ကြိုတင်၍ ပါဝင်ကြသော ကုသိုလ်ရှင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ပခုက္ကူခရိုင် ပေါက်မြို့ သာသနာနုဂ္ဂဟ အဖွဲ့ကြီးမှ သာသနာ့ ရံပုံငွေအဖြစ် ဖြန့်ဖြူးရန် စာအုပ်ရေ (၁၅၀၀)

ပေါက်မြို့ ကုန်သည်ကြီး ဦးထွန်းဖေ အုပ်ရေ (၁၂၀)။

ပခုက္ကူခရိုင် ရဲဝန်ကြီး မစ္စတာ ဘီးဘားနှင့် တကွ ဝန်ထောက်မင်း ဦးဘတူတို့ကို အမှူးထား၍ ခရိုင်ရဲအဖွဲ့ သား အားလုံး အလှူငွေ-၉၆။

အထက်ချင်းတွင်း မော်လိုက်မြို့ ဦးထွန်းလှ,ဒေါ်လှသုန် ၅ဝိ။

ပေါက်မြို့ အထက်တန်း ကျောင်းအုပ် ဆရာကြီး ဦးကျော်ငြိမ်းနှင့်တကွ ဆရာ-ဆရာမများ အသင်းမှ-၁၉။

ပခုက္ကူ ဇဝနသုခသစ်စက် ဦးထွန်းရှင်, ဦးသိန်း, ဦးစိုး ခိုင်, ဦးခ, ဦးမိုးအေး-၅။

ပခုက္ကူခရိုင် ဂန့်ဂေါမြို့ ရှုံးရှိန္တာ နိုင်ငံတော်အလယ်တန်း ကျောင်းကြီးပေါ်တွင် တရားပွဲကျင်းပစဉ်က ကျောင်းသား ပေါင်း (၄၆၀) ကျော်နှင့် ကျောင်းအုပ်ကြီး ဦးကြော့ဖေ ကြီးမှူး၍ ဆရာ,ဆရာမအသင်းမှ-၄၆၊ ၅၀-ပြား။

| | |
|---|---|
| ဦးအုန်းဆိုင် | ၃၀ |
| ဦးကြော့ဖေ | ၅၀ |
| ဦးမြကြူး | ၃၀ |
| ဦးခင်မောင် | ၅၀ |
| ဦးထွေး | ၅၀ |
| ဦးအောင်ထွေး | ၃၀ |
| ဦးစိန်ဖေ | ၃၀ |
| ဦးကြာနိုင် | ၃၀ |
| ဒေါ်ခင်လေး | ၂၀ |
| ဒေါ်ရီ | ၂၀ |
| ဒေါ်ကြော့ရင် | ၂၀ |
| ဒေါ်တင်ညို | ၂၀ |
| ဒေါ်မြသန်း | ၂၀ |
| ဦးအုန်းပွင့်(အောက်ရေပုတ်ရွာ) | ၁၀ |

ဂန့်ဂေါမြို့၊ နိုင်ငံတော် အထက်တန်းကျောင်း ကျောင်းအုပ် ဆရာကြီး ဦးတင်ဦးနှင့် ဆရာ,ဆရာမများ အသင်းမှ ၃၃၊၅၀-ပြား။

ဂန့်ဂေါမြို့၊ မြောက်ကုန်း တောင်ကျောင်း ဝတ်သင်း ဥက္ကဋ္ဌကြီး-၅၀။

ဂန့်ဂေါ မင်းရွာကျောင်းကြီး ဦးဉာဏိန္ဒ ၈၀။
ပခုက္ကူ ဝင်းမြန်မာကုမ္ပဏီ ဦးဝင်း ၈၀။

### အနောက်ဂန့်ဂေါ

| | |
|---|---|
| ဆရာကြီး-ဦးကျော်လှ | ၅ိ |
| ဦးတာပို | ၁ိ |
| ကံထရိုက်ကြီး-ဦးစိန် | ၁၀ိ |
| ဦးပိန်ကျော် | ၁ိ |
| ဒေါ်စိုးမေ | ၁ိ |
| ဒေါ်အောင် | ၁ိ |
| ဒေါ်သိန်းဟန် | ၁ိ |
| ဒေါ်အေးကြီး | ၆ိ |
| ဦးဘိုးနက် | ၁ိ |
| ဦးမြဒင် | ၂ိ |
| ဦးထွန်းဆက် | ၁ိ |
| ဒေါ်ငွေရှိ | ၁ိ |
| ဒေါ်ညိုလှ | ၁ိ |
| ဒေါ်ညိုမြ | ၁ိ |
| ဦးပေါ်မြ | ၂ိ |
| ဦးငွေကြီး | ၂ိ |
| ဦးအေးဖေ | ၁ိ |

### ညော့ခံ-အမျိုးသမီးအဖွဲ့

| | |
|---|---|
| ဒေါ်စောတင် | ၂ိ |
| ဦးမိုးမော် | ၅ိ |
| ဦးလှစိန် | ၁ိ |
| ဦးကံမြင့်(ရှုးရှီ) | ၆ိ |
| ဦးသောင်းပိုက် | ၁ိ |
| ဦးအောင်စိန် | ၁ိ |
| ဦးအောင်နိုင် | ၁ိ |
| ဦးဘသိန်းကြီး | ၁ိ |
| ဦးလှမော် | ၁ိ |

### ပေါက်မြို့

| | |
|---|---|
| ဦးရှုးဝါး | ၆ိ |
| ဦးဘညို | ၆ိ |
| မြေစာရင်းဌာန | ၁၆ိ |
| ဦးဘညွန့်-ကွက်သစ် | ၁ိ |
| ဦးပေါင် | ၁ိ |
| ဒေါ်စိန့် | ၁ိ |
| ဒေါ်အိ | ၂ိ |
| ဒေါ်ပွင့် | ၁ိ |
| ဒေါ်ထပ် | ၁ိ |
| ဦးအုံ့ဘွယ် | ၁ိ |
| ဦးဘမှိ | ၁ိ |
| ဒေါ်အု | ၁ိ |
| ဒေါ်ရွှေညွန့် | ၁ိ |
| ဒေါ်ဖွားညွန့် | ၁ိ |
| ဒေါ်စောမေ | ၁ိ |
| ဦးစိန်လှ | ၁ိ |
| ဦးရာပြည့် | ၁ိ |
| ဦးလှတင် | ၁ိ |
| ဦးမှု | ၁ိ |

| | |
|---|---|
| ဦးဘထွန်း | ၁ိ |
| ဦးရန် | ၁ိ |
| ဦးလှတင် | ၂ိ |
| ဦးညိုငယ် | ၁ိ |
| ဒေါ်ကြည် | ၁ိ |
| ဦးဘကြီး | ၂ိ |
| ဦးပု | ၁ိ |
| ဦးချို | ၁ိ |
| မခင်မြင့် | ၂ိ |
| မခင်မှတ် | ၂ိ |
| ဦးကြည်မောင် | ၂ိ |
| ဒေါ်လေးမေ(ပေါက်မြို့) | ၁ိ |
| ဦးအေးပက် | ၁ိ |
| ဦးတင်ကျော် | ၁ိ |
| ဦးထွန်းဦး | ၁ိ |
| ဆရာစံ | ၁ိ |
| ဦးဇာပေါ် ပေါက်ချောင်း | ၁ိ |
| ဒေါ်ဘီ(မြောက်ဖက်) | ၁ိ |
| ဦးသိန်းဖေ(ထန်းတပင်) | ၁ိ |
| ဦးထွန်းပေါ် အင်းတော | ၁ိ |
| ဦးစံရင် | ၁ိ |
| ဦးမူကွ(ကြူတော) | ၁ိ |
| ဒေါ်အိမ်သူ(အင်းတော) | ၁ိ |
| ကိုပွဲ(အင်းတော) | ၁ိ |
| ဒေါ်ထား | ၁ိ |
| ဒေါ်ဖွားဦး | ၁ိ |
| မအုန်းတင် | ၁ိ |
| ဦးဘိုးရွှန်း | ၁ိ |
| ဦးရန်ကင်း | ၁ိ |
| ဦးအောင်ဖေ အင်းတော | ၁ိ |
| ဦးစံဝင်း | ၁ိ |
| ဦးဖြူစူး | ၁ိ |
| ဒေါ်အိ | ၇ိ |
| ဦးထွန်းမြင့် | ၁ိ |
| ဒေါ်ဆိုင်(ညောင်ဝန်း) | ၁ိ |
| ဦးတလုပ် (ကျွန်းကြီး) | ၁ိ |
| ဒေါ်ညို(ရင်း) | ၁ိ |
| ဆရာကျုံနှင့် ဆရာ, ဆရာမ များအသင်းမှ | ၁၀ိ |
| ဦးသာဝ | ၅ိ |
| ဦးကျော်မြင့် | ၁ိ |
| မညြဘာ(သီလရှင်) | ၁ိ |
| ဦးဘဝင်း | ၂ိ |
| ဘုံမွှဒါန် | ၂ိ |
| မအုန်းခင် | ၁ိ |
| ဦးဘသော် ကျောင်းဆရာ | ၁ိ |
| ဦးစိန်ထွန်း | ၁ိ |
| ဦးဘိုကြီး ကျောက်ကာရွာ | ၁ိ |

## ပြား ၅၀-ပါဝင်သူများ

အနောက်ဂန့်ဂေါ
ဦးညွန့်လွှမ်း
ဒေါ်စိုးမော်
ဒေါ်စောညွန့်
ဒေါ်မေယ်
ဒေါ်စိုးမင်း
ဒေါ်နွားမေ
ဒေါ်ရုံဖေါ
မဝင်းကြည်
မလှတယ်
ဒေါ်စိန်တွေး
ဦးကျောက်မော်
ဦးတင်ကျော်
ဒေါ်ရွှေညို
ဦးကြွယ်ဝ
ဦးတိုက်စံ
ဦးညိုစိန် (စိုင်ဒူး)
ဒေါ်ဖွားဆိုက်
ဦးကျော်ထက်
ဦးနက်
ဦးကျော်ဖိုး
ဦးငွေမော်
ဦးအောင်တိုး
ဦးကြွယ်ငွေး

(ဂန့်ဂေါမြောက်ကုန်း)

ဦးချစ်လှ
ဒေါ်ဖွားရုံ
ဦးရာမြင့်
ဒေါ်ရွှေမ
ဦးမြဝင်း
ဒေါ်အိမ်ကူး
ဒေါ်မဲညွန့်
ဦးအောင်တေ
ဒေါ်သောင်းတင်
ဒေါ်လွန်းမြေ
ဦးစံဖေ
မစောလှိုင်
ဦးမြသီး
ဦးကြွယ်ပေါ
ဒေါ်လှမေ

(ထန်းပင်ကုန်း)

ဒေါ်ငွေမြ
မမြခင်

(ရှုံးရှိရွာ)

ဦးကြီဇ
ဦးဒါးကျော်
ဦးဘတင်

ဦးစံပွင့်
ဦးထွန်းရဲ
ဦးရမောင်
ဦးအုပ်ကျော်
ဦးကျော်
ဦးအုပ်မော်
ဦးဆန်းလွဲ
ဦးအောင်ပြည့်
ဦးစိန်ကျောက်
ဦးတင်ခုန်း
ဦးစကျော်
ဦးစံညွန့်
ဦးရန်မောင်း
ဦးဖိုးသောင်း
ဦးစံချိန်
ဦးအောင်ညွန့်
ဦးစံညို
ဦးမြသိုင်း
ဦးတိုက်လွန်း
ဦးဘိုးကံ
မကံစု
ရှုံးရှိ-အလယ်တန်းကျောင်း
သူ ကျောင်းသားများ။
မောင်ညီသုန် (၇) ဆင့်
မောင်ဖေခန့်

မောင်ဗိုလ်ကြီး
မောင်ချစ်ရင်
မောင်သန်းကို
မသေးတင်
မခင်ညို
မောင်ဘမြို (၆) ဆင့်
မောင်ပေါတင်
မောင်သန်းမောင်
မခင်မြင့်
မညွန့်ရီ
မကြည်ဟန် (၅) ဆင့်
ဦးချို
ဦးဘသော်(ကျောင်းဆရာ)
ရွှေကူ-ဦးဘထွန်း
(ပေါက်ချောင်း)
ဒေါ်မယ်နွတ်
ဒေါ်အိ(ပေါက်မြို့)
ဒေါ်ဖဲလွန်
ဦးရှင်
ဒေါ်မယ်ဝင်
ဦးမြညိမ်း
ဦးဖူး
ဦးကျော်စိန်
မမြစိန်
မတင်မေ

| | |
|---|---|
| ဦးရာပြည့်(ထန်းတပင်) | ဦးဘိုးအုပ် |
| မသင်းဆိုင်(ပေါက်ချောင်း) | ဦးကျက်နီ |
| ဒေါ်မှုန်စိ(ပေါက်မြို့) | ဦးဘိုးထင် |
| ဒေါ်ပုမ | ဒေါ်ဖွားသာ |
| ဒေါ်နေ့ | ဦးရှိန်ကြီး |
| ဒေါ်အုန်းညွန့် | မစောရွှေ |
| ဒေါ်သယ် | ဦးဘ |
| မတင် | ဒေါ်ဖွား |
| ဒေါ်ငွေခိုင် | ဦးတလုပ် (ကျွန်းကြီး) |

**နိုင်ငံလုံးဆိုင်ရာ-တရားတော်ဖြန့်ဖြူးရေးဌာန**

ဓမ္မကထိက-ဦးထွန်းအောင်

**မန္တလေး-ရွှေပြည်**